# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၉၆)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

### အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့ နံနက်ပိုင်းတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း အပြီးထုတ်ပြန် ကြေညာသည်။

ထိုသို့ထုတ်ပြန်ပေးရာတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းများ၌ တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ထားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက အေးချမ်းစွာ လာရောက်ကြည့်ရှုကြသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန website ဖြစ်သော www.myanmarexam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသား အစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍



နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။

## နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းစတင်တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအပ်လက်ခံခြင်းကို ဇူလိုင် ၂၂ ရက်မှ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင်ဖွင့်လှစ်နိုင်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၈၅၇ ဦး စတင်တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●

**ယနေ့ ဖတ် စ ရာ**


ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဆီ ရှေးရှုသည့် BRI ထီးရိပ်အောက်က CMEC | ဆောင်းပါး | စာ ၆

သဒ္ဓါကို ယုံကြည်စိတ်ချရမှုနဲ့ တုံ့ပြန်ကြစို့ | ဆောင်းပါး | စာ ၁၀





တရုတ်ခရီးသွားများ ပိုမိုဆွဲဆောင်နိုင်ရေး ဒုတိယအကြိမ် လာအို-တရုတ် ခရီးသွားနှစ် ကျင်းပရန် ပြင်ဆင် | နိုင်ငံတကာသတင်း | စာ ၁၄


## ဝဝန်မြစ်နှင့် ပဲခူးမြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ မြစ်ကမ်းနီးနေထိုင်သူများ သတိပြုနိုင်ရန်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အပြင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။

*စာမျက်နှာ ၅ ကော်လံ ၅* ✻

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)အခမ်းအနားတက်ရောက်၊ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး



ပုသိမ် ဇူလိုင် ၂၆

ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့နယ် ရေမင်းခန်းမ၌ ကျင်းပရာ ဆရာတော် သံဃာတော်များ၊ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ကရင်ရိုးရာ ဒုံးယိမ်းအကဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့က ဖားစည် ၉ ချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ယနေ့အခမ်းအနားသည် ကရင်တိုင်းရင်းသားအားလုံး၏ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ဖြစ်ပါကြောင်း၊ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် ယခုကဲ့သို့ မိမိတိုင်းရင်းသားများ စုစုစည်းစည်း ပြန်လည်တွေ့ဆုံရသည်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု ပြောရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးက ဝါခေါင်လ ချီဖြူဖွဲ့မင်္ဂလာ (လက်ချည်ပွဲ) အခမ်းအနား ကျင်းပကြသည့် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ကျုံပျော်မြို့နယ် ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက ပြာမလေ့ကျေးရွာကျောင်းတိုက် ဆရာတော် ဥူးဉာဏဇောတိ၊ ပုသိမ်မြို့နယ်၊ ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး Bishop ဟင်နရီ မန်းအိုင်ခလိန်တို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ချည်ဖြူဖွဲ့မင်္ဂလာ (စုပေါင်းလိပ်ပြာခေါ်ပွဲ) အကြောင်း စာတမ်းဖတ်ကြားကာ တိုင်းဒေသကြီးအဆင့် ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ (စုပေါင်းလိပ်ပြာခေါ်ပွဲ) ကျင်းပရေးကော်မတီ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧည့်သည်တော်များအားဘိုးဘွားများကကရင်ရိုးရာ ချည်ဖြူဖွဲ့ပေးခဲ့ကြပြီး **(အပေါ်ပုံ)** ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့နောက် ရေကြည်မြို့နယ် ဆီဆုံကုန်း ကျေးရွာအုပ်စု တောင်သူ ဦးကျော်ကျော်ဦး၏ စိုက်ကေ ငါးကေတွင် အောင်နိုင်တိုး စပါးမျိုးအား ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲနှင့် ပေါင်းလိုက်တမန်းနှိုးပွဲကို တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က သီးနှံစုံ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေးအတွက် အခြေခံလိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲရန်နှင့် တိုင်းဒေသကြီး၏ မိုးစပါး ပန်းတိုင်အထွက်နှုန်းရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဓာတ်မြေဩဇာ ကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တောင်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖြေဆို၊ အောင်မြင်သူနှင့် အောင်ချက်ရာခိုင်နှုန်းများကို အောက်ဖော်ပြပါဇယားဖြင့် ထုတ်ပြန်ကြေညာထားသည်။

**၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ**
**ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ဖြေဆိုဦးရေ | အောင်မြင်ဦးရေ | အောင်မြင်ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၈၅၈၄ | ၄၁၀၀ | ၄၇.၇၆% |
| ၂ | ကယားပြည်နယ် | ၁၃၂ | ၆၈ | ၅၁.၅၂% |
| ၃ | ကရင်ပြည်နယ် | ၃၃၄၈ | ၁၅၀၀ | ၄၄.၈၀% |
| ၄ | ချင်းပြည်နယ် | ၄၀၈ | ၁၁၀ | ၂၆.၉၆% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၇၀၅ | ၄၂၄၁ | ၄၃.၇၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄၅၄၁ | ၂၂၉၇ | ၅၀.၅၈% |
| ၇ | နေပြည်တော် | ၁၂၄၀၇ | ၅၇၄၁ | ၄၆.၂၇% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၂၃၉၆ | ၅၇၄၄ | ၄၆.၃၄% |
| ၉ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၉၆၈၅ | ၃၀၂၇ | ၃၁.၂၅% |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၁၇၈၇၇ | ၉၂၀၇ | ၅၁.၅၀% |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၃၃၇၉၁ | ၁၆၇၆၆ | ၄၉.၆၂% |
| ၁၂ | မွန်ပြည်နယ် | ၈၉၇၂ | ၅၁၂၈ | ၅၇.၁၆% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၅၆၄ | ၅၅၀ | ၃၅.၁၇% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၄၆၇ | ၁၉၃၆၆ | ၅၁.၆၉% |
| ၁၅ | ရှမ်းပြည်နယ်(တောင်) | ၁၂၄၀၇ | ၆၀၃၅ | ၄၈.၆၄% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်) | ၆၅၈ | ၂၇၉ | ၄၂.၄၀% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့) | ၁၆၉၅ | ၆၃၉ | ၃၇.၇၀% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၂၂၄၁ | ၁၅၁၀၇ | ၄၆.၈၆% |
| ၁၉ | နိုင်ငံခြား | ၂၀ | ၁၉ | ၉၅.၀၀% |
| စုစုပေါင်း | | ၂၀၇၈၉၈ | ၉၉၉၂၄ | ၄၈.၀၆% |

ပညာရေးဝန်ကြီးဌာန

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ကွင်းဆင်းဆောင်ရွက်

## မကြာမီကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စေရေး ပြည်သူလူထုအားနှင့် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြမည်

မန္တလေး ဇူလိုင် ၂၆

**တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့ ဦးဆောင်သည့် လုပ်ငန်းကော်မတီအဖွဲ့သည် ယနေ့တွင် ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ တာဝန်ရှိသူများနှင့် အစည်းအဝေးပြုလုပ်ခြင်း၊ ကွင်းဆင်းကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်သည်။**



နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် (ယာပုံ) က အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်ပြီး ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရအဖွဲ့များအပြင် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် နိုင်ငံတကာ တို့၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန်နှင့် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစည်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဦးစားပေးအဆင့်လိုက် လုပ်ငန်းစဉ်လျာထားပြီး ကာလတို၊ ကာလလတ်နှင့် ကာလရှည် ခွဲခြား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်မီဒီယာအနေဖြင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းစဉ်များအတိုင်း သတင်းအချက်အလက်များ စဉ်ဆက်မပြတ်ထုတ်ပြန်ပေးခြင်း၊ အသိပညာမျှဝေပေးခြင်းတို့အပြင် အနုပညာရှင်များ၏ စွမ်းအားနှင့်ပေါင်းစပ်၍ ဘေးသင့်ဒေသများအထိ သွားရောက်ပြီး စာနာမှု၊ အားပေးမှုနှင့် စိတ်ခွန်အားမြှင့်တင်မှုတို့ဖြင့် ဖျော်ဖြေရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးနေပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး၊ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ငလျင်ဒဏ်သင့်ဘုရား၊ စေတီနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ငလျင်ဘေးသင့်ဒေသများတွင် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက လုပ်ငန်းခွဲများအလိုက် ဆောင်ရွက်မှုနှင့် ဆက်လက်တင်ပြဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အနယ်နယ်အရပ်ရပ်မှ ကျွမ်းကျင်လုပ်သားများဖြင့် လုပ်ငန်းများ ထိရောက်အောင် ဆောင်ရွက်နိုင်ရေး၊ ဦးစားပေးဆောင်ရွက်ရမည့် ကျေးရွာများ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များ ပါဝင်လုပ်ဆောင်နိုင်ရေး၊ နိုင်ငံတကာ အကူအညီများ ရရှိအသုံးပြုနိုင်ရေး၊ ကြက်ခြေနီအသင်း ပါဝင်ဆောင်ရွက်နိုင်ရေး၊ နယ်လှည့်ဖျော်ဖြေရေး၊ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရန် ပညာပေးရေးတို့ကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အကြောင်းအရာနှင့် ရလဒ်ဦးစားပေးသတင်းများ ထုတ်ပြန်နိုင်ရေး၊ လူငယ်များ နေရာပေးနိုင်ရေးနှင့် နယ်လှည့်ဖျော်ဖြေရေးကိစ္စများကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းကော်မတီအဖွဲ့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဆင်ကျုံးယာယီဝန်ထမ်းအိမ်ရာသို့ရောက်ရှိပြီး ဝန်ထမ်း ၁၅၀ အတွက် Container House ၁၅၀ နှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှုကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် လမ်း ၁၁၀ ထောင့်ရှိ မန္တလေး KBZ Center သို့ ရောက်ရှိပြီး ပြည်သူများ အခမဲ့ဆေးကုသနိုင်ရန် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှု၊ ရေရှည်ကူညီထောက်ပံ့နိုင်ရန် ချေးငွေစီစဉ်ပေးထားမှု၊ ပြန်လည်တည်ဆောက်ရေးအတွက် အဆင့်မီသံချောင်းများ သင့်တင့်သောဈေးနှုန်းနှင့် ရောင်းချပေးရန် စီစဉ်ထားရှိမှု၊ သံချည်သံကွေး ဆောက်လုပ်ရေးဆိုင်ရာ ပညာမျှဝေပေးမှု၊ အရေးပေါ်အသက်ကယ်လှေများ အသင့်စုဖွဲ့ထားရှိမှုတို့ကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ရက်ကန်းလုပ်ငန်းနှင့် ပန်းပုလုပ်ငန်း လုပ်ကိုင်နေကြသော ပြည်သူများ၏ လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး နည်းလမ်းဖော်ထုတ်၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပြီး နေရာတစ်ခုစီအတွက် MRTV DTH အစုံ ၁၀ စုံစီနှင့် MRTV DVB T–2 Set Top Boxအစုံ ၂၀ စီဖြင့် စုစုပေါင်း DTH အစုံ ၃၀ နှင့် Set Top Box အစုံ ၆၀ တို့ကို ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိုင်ငံတော်အစိုးရအဖွဲ့အစည်းအဆင့်ဆင့်နှင့် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ မျဉ်းပြိုင်သဖွယ်ဆောင်ရွက်မှုပုံစံမှ ပေါင်းစည်း၍ ပိုမိုထိရောက်ပြီး အကျိုးကျေးဇူးရှိနိုင်ရန်နှင့် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ စစ်ကိုင်းမြို့၏ အထင်ကရ ငွေထည်လုပ်ငန်းများ ပြန်လည်ကောင်းမွန်စေရေး ဖြည့်ဆည်းမှုများ ပြုလုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ စစ်ကိုင်းမြို့ တည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဆက်လက်၍ တိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံတော်နှင့်ပြည်သူလက်တွဲပေါင်းစပ်၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်မီဒီယာအနေဖြင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မကြာမီကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စေရေး ပြည်သူလူထုအားနှင့် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က နယ်မြေဒေသအလိုက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T–2 Set Top Box အစုံ ၁၅၀ အား လွှဲပြောင်းပေးအပ်သည်။

အဆိုပါ လုပ်ငန်းကော်မတီအဖွဲ့သည် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးဘုရားဝင်းအတွင်းရှိ ယာယီဝန်ထမ်းအိမ်ရာသို့ သွားရောက်ပြီး ဝန်ထမ်းမိသားစု ၃၆ စုအတွက် Container House များနှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှုကို ကြည့်ရှု၍ ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ထမ်းမိသားစုများအတွက် MRTV DTH အစုံ ၁၀ စုံနှင့် MRTV DVB T–2 Set Top Box အစုံ ၂၀ တို့ကိုပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့ ရွာထောင် မီးရထားဒီဇယ်စက်ခေါင်းဝင်း အနီးရှိ မြေ ၆ ဧကခန့်တွင် Container House များဖြင့် ထပ်မံနေရာချထားနိုင်ရေးကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး Commercial Area ရှိ Ocean Super Center, Shops Houses နှင့် လမ်းလျှောက်ဈေးတို့သို့ သွားရောက်ပြီး ပြည်သူများ ဈေးဝယ်/အပန်းဖြေမှုများဖြင့် စည်ကားနေမှုကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းသူနှင့် ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ မင်္ဂလာမန္တလေးဧရိယာရှိ အဆောက်အအုံများမှာ မြေငလျင်ဒဏ် ထိခိုက်မှုများရှိခဲ့သော်လည်း စံချိန်စံညွှန်းနှင့်အညီ အမြန်ပြန်လည်ပြုပြင်ပြီး သက်ဆိုင်ရာ၏ စစ်ဆေးမှုများရယူကာ ဇွန် ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအခါ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီး ရောင်း/ဝယ် လည်ပတ်မှု၊ အပန်းဖြေ အနားယူမှုများဖြင့် ပြန်လည်စည်ကားလာခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးရွာသွန်းခြင်းနှင့်အတူ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နောက်နှစ်ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုနေမည်ဖြစ်သည်။ **မိုး/ဇလ**

# အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) လေသန့်စင်အလုပ်ရုံရှိ Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်း အခမ်းအနားကျင်းပ

## တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၂၀၀၀၀ မှ ၄၀၀၀၀ $Nm^3$ (Normal Cubic Meter) နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၄၀၀ မှ ၁၂၀၀ $Nm^3$ ထုတ်လုပ်နိုင်မည်

**နေပြည်တော် ဇူလိုင် ၂၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ရှိ လေသန့်စင်အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ TPE Co., Ltd. မှ အင်ဂျင်နီယာချုပ်၊ AGS Co., Ltd. မှ ညွှန်ကြားရေးမှူးချုပ်၊ Rostec မှ ကိုယ်စားလှယ်နှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လေသန့်စင်အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် Air Compressor အမှတ် (၁)အား ထိန်းချုပ်ခန်းမှ ခလုတ်နှိပ်၍ စမ်းသပ်လည်ပတ်မောင်းနှင်ပြီး Air Compressor လည်ပတ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ Air Compressor အမှတ်(၂) အား စမ်းသပ်လည်ပတ်မောင်းနှင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

အစီအစဉ် ဒုတိယပိုင်းကို စက်ရုံစုပေါင်းစားရိပ်သာ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် TPE မှ အဆိုပြုသော သတ်မှတ်ချက် (၃) ခုဖြင့် ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက် ရရှိထားပြီးဖြစ်၍ သတ်မှတ်ချက် (၁) ဖြစ်သည့် လေသန့်စင်အလုပ်ရုံ လည်ပတ်နိုင်ရေးကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လေသန့်စင်အလုပ်ရုံအနေဖြင့် တပ်ဆင်စက်စွမ်းအားအရ တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၂၀၀၀၀ မှ ၄၀၀၀၀ $Nm^3$ ( Normal Cubic Meter ) နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၄၀၀ မှ ၁၂၀၀ $Nm^3$ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရိုမက်သံရည်ကျိုအလုပ်ရုံ လည်ပတ်ရန်အတွက် တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၃၃၀၀၀ $Nm^3$ နှင့် နိုက်ထရိုဂျင် ဓာတ်ငွေ့ ၂၁၈ $Nm^3$ သာ လိုအပ်မည်ဖြစ်သောကြောင့် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မည်ကို တွေ့ရှိရကြောင်း။

လေသန့်စင်အလုပ်ရုံ ပြန်လည် လည်ပတ်နိုင်ရန်အတွက် TPE Co., Ltd. မှ ပညာရှင်တစ်ဦးနှင့် AGS Co., Ltd. မှ ပညာရှင်ကိုးဦးတို့ဖြင့် ၂၀၂၅ ခုနှစ် မေ ၁၂ ရက်မှစ၍ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများကို စစ်ဆေးခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများကို စက်ရုံရှိ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ပူးပေါင်းကြိုးပမ်း အားထုတ်မှုကြောင့် ယခုအခါ လေသန့်စင်အလုပ်ရုံ၏ အဓိက အစိတ်အပိုင်းဖြစ်သည့် Air Compressor များကို အောင်မြင်အောင် စမ်းသပ်လည်ပတ်နိုင်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ TPE Co., Ltd. မှ အင်ဂျင်နီယာချုပ် Mr. SENIN၊ AGS Co., Ltd. မှ ညွှန်ကြားရေးမှူးချုပ် Mr. KONEV နှင့် Rostec မှ ကိုယ်စားလှယ် Mr. VLADISLAV တို့က လေသန့်စင်အလုပ်ရုံ အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်နိုင်မှု အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)ရှိ ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀ ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းရှိ စီမံကိန်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြန်လည်စတင်ခဲ့ပြီး စက်ရုံရှိ အလုပ်ရုံ ၁၉ ရုံအား စက်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းအား ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် အပြီးသတ်ဆောင်ရွက်ကာ စက်ရုံ စတင်လည်ပတ်ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ဝေးမြို့နယ် ကုန်းပေါ်စုကျေးရွာ ပညာ့အားမာန်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပေတုန်းမျှောင်ကျေးရွာအုပ်စု ကုန်းပေါ်စုကျေးရွာ ပညာ့အားမာန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ ပညာ့အားမာန်စာကြည့်တိုက်ကို ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရ၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးညဏ်လင်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေများ၊ MRTV DTH စလောင်းနှင့် MRTV DVB T-2 Set Top Box တစ်စုံတို့ကိုလှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ များက လက်ခံရယူသည်။ ဆက်လက်၍ လယ်ဝေးခရိုင် အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက အလှူငွေကျပ် ၇၅ သိန်း လှူဒါန်းသည့် ကျေးရွာပြည်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် လယ်ဝေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာဟန်၊ ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာနှင့် အလှူရှင်များက သုတရသစာအုပ်များ လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လက်ခံရယူသည်။ **မြို့နယ်(ပြန်/ဆက်)**



# စဉ့်ကိုင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID (ခေါ်) Smart Cardများ ဆောင်ရွက်ပေး

**စဉ့်ကိုင် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးညဏ်စိုးနှင့် ဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်ဘဏ်ထုတ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊ UID နံပါတ်များကိုရယူပြီး မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension အစီအစဉ်တွင် ထည့်သွင်းနိုင်ရန် UID(Unique Identity) (ခေါ်) Smart Card များကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ဆောင်ရွက်ပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

● *ရှေ့ဖုံးမှ*

ထို့ပြင် တပ်မတော်မှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၅ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးကြသည်။



နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

* *ရှေ့ဖုံးမှ*

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပုသိမ်မြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဆီ ရှေးရှုသည့် BRI ထီးရိပ်အောက်က CMEC

**မိုးကေနိုင်**

**❑ CMEC စကြံဆိုသည်ကို မြင်ကြည့်လျှင် Y ပုံသဏ္ဌာန်ရှိပြီး ကီလိုမီတာ ၁၇၀၀ အရှည်ရှိပါသည်။ လမ်းကြောင်းသည် တရုတ်နိုင်ငံ ယူနန်ခရိုင်မြို့တော် ကူမင်းမြို့မှ စတင်ပြီး တရုတ် - မြန်မာနယ်စပ်ကို မူဆယ်၌ဖြတ်၍ မန္တလေးအထိ၊ ထိုမှနှစ်ပိုင်းခွဲကာ မူလတစ်ကြောင်းအဖြစ် ရခိုင်ပြည်နယ် ကျောက်ဖြူမှသည် ဘင်္ဂလားပင်လယ်အော်အထိ လည်းကောင်း၊ နောက်တစ်ကြောင်းက မန္တလေးမှ ကုန်သွယ်မြို့တော်ရန်ကုန်အထိလည်းကောင်း ဖြစ်သည်။ ထိုစကြံလမ်းကြောင်းများကြောင့် ဥရောပ၊ အာဖရိကအထိ တရုတ်နိုင်ငံ၏ ကုန်သွယ်မှုလမ်းကြောင်းအရှည်သည် ကီလိုမီတာ ၃၀၀၀ ခန့် လျော့နည်းသွားသည်ဟု ဆိုပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် နေပြည်တော် ပူးတွဲကွန့်ဖရင့်တွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ စတင်ကြေညာခဲ့သည့် CMEC သည် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းရေးသာဖြစ်ပြီး အကျိုးယုတ်စရာမရှိပါ။ ထို့ကြောင့် တရုတ်နိုင်ငံ BRI အောင်မြင်ရေးတွင် အိန္ဒိယသမုဒ္ဒရာဆီ ဝင်ပေါက်၊ ထွက်ပေါက်သဖွယ် ဖြစ်နေသည့် မြန်မာနိုင်ငံပါဝင်နေသည့် တရုတ်- မြန်မာ CMEC ကို အမြန်အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါသည်။ ထို့ကြောင့်လည်း အဆိုပြုစီမံကိန်း ၃၃ ခုအနက် နယ်ပယ် ၉ ခုကို လွှမ်းခြုံသည့် တန်ဖိုးအားဖြင့် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉ ဘီလီယံရှိသည့် စီမံကိန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်**

*(ယမန်နေ့မှအဆက်)*

**နှစ်နိုင်ငံအကျိုးစီးပွားအတွက်ရည်ရွယ်၍**

ဤနေရာတွင် **China– Myanmar Economic Corridor (CMEC)** မှ မြန်မာနိုင်ငံ အကျိုးစီးပွားနှင့် ဆက်စပ်နေသည့် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများကို လေ့လာကြည့်ရပါမည်။ မြန်မာနိုင်ငံအတွက် နိုင်ငံတကာ Gateway၊ တရုတ်အတွက် ကမ္ဘာကို ချဲ့ထွင်မည့် နိုင်ငံတကာဈေးကွက် အကျိုးစီးပွားများကို မြင်မိပါသည်။ စီးပွားရေးတစ်ခုတည်းမက စွမ်းအင်ဖူလုံမှု၊ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်၊ နယ်စပ်ဒေသများ လုံခြုံရေးနှင့် နယ်စပ်ကုန်သွယ်ရေးများ ပါဝင်သော လုံခြုံရေးရှုထောင့်များမှ နှစ်နိုင်ငံ အကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ ကမ္ဘာ့အကျိုးစီးပွားများအထိ မြင်ရပါမည်။

စွမ်းအင်ဆိုင်ရာကဏ္ဍတွင် အရှေ့အလယ်ပိုင်းနှင့် အာဖရိက ရေနံစိမ်းကို ၂၀၁၃ ခုနှစ်၊ မြန်မာ့သဘာဝဓာတ်ငွေ့ကို ၂၀၁၇ ခုနှစ်ကတည်းကပင် အရှည် ၇၇၁ နှင့် ၇၉၃ ကီလိုမီတာအသီးသီးရှိသော ရေနံစိမ်းပိုက်လိုင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဖြင့် မြန်မာနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ယူနန်ခရိုင် ချူကျင်းမြို့အထိ သွယ်တန်း၍ တင်ပို့နေပြီဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နန့်ခမ်းရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ထားသည့် ရွှေလီရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားကိုလည်း တရုတ်နိုင်ငံသို့ တင်ပို့နေပြီဖြစ်သည်။ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှရောက်ရှိလာသော ရေနံစိမ်းများကို ယူနန်သို့ ပိုက်လိုင်းမှတစ်ဆင့် တင်သွင်းရာမှာ အရေးပါသော ကျောက်ဖြူ မဒေးကျွန်းရေနက်ဆိပ်ကမ်းနှင့်အတူ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ကုန်းလမ်း ရထားလမ်းကြောင်းများကြောင့် ဤဒေသသည် နောင်တွင် ဒေသတွင်း၌ ထင်ရှားသော မြန်မာ့စက်မှုဇုန်အချက်အချာနေရာတစ်ခုအဖြစ် ရောက်ရှိလာမည်မှာ မလွဲပါ။

ထို့အပြင် ယူနန်နယ်စပ်မြို့ ရွှေလီမှ မူဆယ်၊ ကျောက်ဖြူအထိ ရထားလမ်း၊ ကားလမ်းများဖြင့် ပုံဖော်ထားသည့် တရုတ်နိုင်ငံ၏ အိန္ဒိယနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်စင်း မူဝါဒကြောင့်လည်း ယူနန်ပြည်နယ်၏ အရှေ့တောင်အာရှနှင့် တောင်အာရှကုန်သွယ်ရေးလမ်းကြောင်းအိပ်မက်ကြီးသည် အမှန်တကယ်ဖြစ်လာနိုင်သည်။ ရလဒ်အနေဖြင့် အမေရိကန်ရေတပ်၏ ခြိမ်းခြောက်မှုအောက်ရောက်နေသည့် တရုတ်ကုန်သွယ်လမ်းကြောင်း ဖြတ်သန်းရာ မလက္ကာရေလက်ကြားအပေါ် မှီခိုနေရမှုသည်လည်း လျော့ကျသွားနိုင်ပါသည်။

မြန်မာနိုင်ငံအရှေ့မြောက်ဒေသများနှင့် နယ်စပ်ယူနန်ခရိုင်သည် အဓိကကုန်သွယ်ဖက်များဖြစ်သော်လည်း ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရာသံသရာထဲမှ ရုန်းမထွက်နိုင်သော နေရာများလည်းဖြစ်သည်။ ထိုဒေသတစ်ခုလုံး မူးယစ်ဆေးဝါးပပျောက်ပြီး တရားဥပဒေစိုးမိုးကာ ကုန်သွယ်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုဖြစ်ပေါ်လာရေး၊ အလုပ်အကိုင်အခွင့်အလမ်း များစွာပေါ်ထွက်လာပြီး ဆင်းရဲမှုပပျောက်ရေးအတွက် နယ်စပ်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန်များ တည်ဆောက်နိုင်ရန် လိုအပ်နေပါသည်။

**လမ်းကြောင်းပုံသဏ္ဌာန်**

**CMEC စကြံဆိုသည်ကို မြင်ကြည့်လျှင် Y ပုံသဏ္ဌာန်ရှိပြီး ကီလိုမီတာ ၁၇၀၀ အရှည်ရှိပါသည်။ လမ်းကြောင်းသည် တရုတ်နိုင်ငံ ယူနန်ခရိုင်မြို့တော် ကူမင်းမြို့မှ စတင်ပြီး တရုတ်–မြန်မာနယ်စပ်ကို မူဆယ်၌ဖြတ်၍ မန္တလေးအထိ၊ ထိုမှနှစ်ပိုင်းခွဲကာ မူလတစ်ကြောင်းအဖြစ် ရခိုင်ပြည်နယ် ကျောက်ဖြူမှသည် ဘင်္ဂလားပင်လယ်အော်အထိ လည်းကောင်း၊ နောက်တစ်ကြောင်းက မန္တလေးမှ ကုန်သွယ်မြို့တော်ရန်ကုန်အထိ လည်းကောင်း ဖြစ်သည်။ ထိုစကြံလမ်းကြောင်းများကြောင့် ဥရောပ၊ အာဖရိကအထိ တရုတ်နိုင်ငံ၏ ကုန်သွယ်မှုလမ်းကြောင်း အရှည်သည် ကီလိုမီတာ ၃၀၀၀ ခန့် လျော့နည်းသွားသည်ဟု ဆိုပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် နေပြည်တော် ပူးတွဲကွန့်ဖရင့်တွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ စတင်ကြေညာခဲ့သည့် CMEC သည် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းရေးသာဖြစ်ပြီး အကျိုးယုတ်စရာ မရှိပါ။ ထို့ကြောင့် တရုတ်နိုင်ငံ BRI အောင်မြင်ရေးတွင် အိန္ဒိယသမုဒ္ဒရာဆီ ဝင်ပေါက်၊ ထွက်ပေါက်သဖွယ် ဖြစ်နေသည့် မြန်မာနိုင်ငံပါဝင်နေသည့် တရုတ်–မြန်မာ CMEC ကို အမြန်အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါသည်။ ထို့ကြောင့်လည်း အဆိုပြုစီမံကိန်း ၃၃ ခုအနက် နယ်ပယ် ၉ ခုကို လွှမ်းခြုံသည့် တန်ဖိုးအားဖြင့် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉ ဘီလီယံရှိသည့် စီမံကိန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။**

**စီမံကိန်း သုံး ခု**

ဆက်လက်၍ CMEC မူဘောင်အောက်ရှိ အဓိကကျသော စီမံကိန်းကြီး သုံးခုကို လေ့လာကြည့်ရအောင်ပါ။ နံပါတ်(၁) တရုတ်နိုင်ငံ CITIC အုပ်စုနှင့် မြန်မာနိုင်ငံတို့၏ ၂၀၁၈ ခုနှစ် ကနဦးသဘောတူညီချက်အရ စတင်ခဲ့သော ၄၂၈၉ ဧကရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းနှစ်ပိုင်း ပါဝင်သည်။ ကွန်တိန်နာတင်သင်္ဘောများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောများ ဆိုက်ကပ်ရာ မဒေးကျွန်းရေနက်ဆိပ်ကမ်းနှင့် ရမ်းဗြဲဆိပ်ကမ်းနှစ်ခု၊ အဆင့်မြင့်အိမ်ရာ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုလှောင်ကန်၊ ဓာတ်အားပေးရုံစီမံကိန်းများ ပါဝင်သည့် ရေနက်ဆိပ်ကမ်းအပိုင်းနှင့် ချည်မျှင်နှင့်အထည်၊ အစားအသောက်၊ ရေထွက်ပစ္စည်း၊ ဆေးဝါး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်နှင့် သုတေသနလုပ်ငန်းများ ပါဝင်သည့် စက်မှုဇုန်အပိုင်းများဟူ၍ ဖြစ်သည်။ ကနဦးအဆင့်မှာပင် စီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းနှစ်ခုမှ လုပ်ငန်းအသစ်ပေါင်း တစ်သိန်းခန့်ကို ဖန်တီးပေးနိုင်မည်ဟုလည်း ဆိုပါသည်။

CMEC မူဘောင်အောက်တွင် နံပါတ်(၂) စီမံကိန်းများအဖြစ် နှစ်နိုင်ငံနယ်ခြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များကို တွေ့ရမည်ဖြစ်သည်။ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မဟာဗျူဟာအရ အချက်အချာကျသော နယ်စပ်မြို့များနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် နယ်စပ်မြို့များအကြား ဟိုချောင် – ကံပိုင်တည်ဂိတ်၊ ရွှေလီ–မူဆယ်ဂိတ်၊ မိန်းတိန် – ချင်းရွှေဟော်ဂိတ် သုံးခုတွင် တည်ရှိသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များသည် နယ်စပ်ကုန်သွယ်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုစင်တာနှင့် စီးပွားရေးဇုန်များ ထူထောင်နိုင်သည်အထိ ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ဇုန်များဖြစ်သည်။ ထို့နောက် CMEC အောက်မှ နံပါတ်(၃) ကျောက်ဖြူ – ကူမင်း ရထားလမ်း စီမံကိန်းကလည်း စိတ်ဝင်စားစရာကောင်းသည်။ တရုတ်နိုင်ငံအတွင်း ရထားလမ်းစနစ်ဖြင့် ချိတ်ဆက်ထားသည့် ကီလိုမီတာ ၁၄၀၀ အရှည်ရှိ ကူမင်း–ကျောက်ဖြူ လျှပ်စစ် အမြန်ရထားစီမံကိန်းလမ်းကို မူဆယ်–မန္တလေး၊ မန္တလေး – ကျောက်ဖြူ အပိုင်းနှစ်ပိုင်းခွဲ၍ ရေနံနှင့် ဂက်စ်ပိုက်လိုင်းနှင့်အပြိုင် ဆောင်ရွက်သွားရန် ဘူမိဗေဒတိုင်းတာမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

**စိန်ခေါ်မှုများလည်းရှိနေမည်သာ**

ကြီးမားသော ကမ္ဘာ့အဆင့် စီးပွားရေးကွန်ရက်ကို ဦးဆောင်နေသူ တရုတ်နိုင်ငံနှင့် မိတ်ဖက်ပါတနာ မြန်မာနိုင်ငံနှစ်နိုင်ငံလုံးအတွက် အားသာချက်နှင့် အခွင့်အလမ်းများရှိသည့်နည်းတူ စိန်ခေါ်မှုများလည်း ရှိနေမည်မှာမလွဲပါ။ ထိုစိန်ခေါ်မှုများကြောင့်ပင် CMEC တိုးတက်မှုမှာ ကာလတစ်ခုအတွင်း နှောင့်နှေးခဲ့ရသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များတည်ရှိရာ နှစ်နိုင်ငံနယ်ခြားမြို့များသည် လက်နက်ကိုင်အဖွဲ့အစည်းများစွာရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော ဒေသများဖြစ်သည့်အတွက် ထိုဒေသများ တည်ငြိမ်အေးချမ်းအောင် ဦးစားပေးဆောင်ရွက်နေရခြင်းဖြစ်သည်။

တရုတ် – မြန်မာနယ်စပ်တွင် တရားမဝင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု အားကောင်းပြီး ဒေသတွင်း မတည်ငြိမ်ခြင်းက တိုးတက်မှုအတွက် မည်သည့်ကြိုးပမ်းမှုကိုမဆို ဟန့်တားရာရောက်ပါသည်။ အချို့သော ဒေသများတွင် ကျရောက်တတ်သည့် သဘာဝကပ်ဘေး၊ ရောဂါကပ်ဘေးကဲ့သို့ စိန်ခေါ်မှုများကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးမှုကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပက ဖန်တီးမြဲ လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် ဟန့်တားနှောင့်ယှက်မှုများအားလုံးကို အနာဂတ်စိန်ခေါ်မှုများအဖြစ် ဆက်လက် ထည့်သွင်းထားရပါဦးမည်။

**ဖွံ့ဖြိုးမှုအမြင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည့် အချို့ဒေသခံတို့၏အမြင်များ**

ဥပမာ–သဘာဝပတ်ဝန်းကျင်၊ မြေယာပိုင်ဆိုင်မှုကို သင်ခန်းစာယူ၍ ညီညွတ်မျှတသော တုံ့ပြန်မှု၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ အားလုံးပါဝင်မှုများဖြင့် ပုံရိပ်ကောင်းများဖြစ်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တွေ့ကြုံရနိုင်မည့် အန္တရာယ်များအတွက်လည်း ပုံမှန်အကဲဖြတ်အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့်လည်း စိန်ခေါ်မှုများရှိနေငြား CMEC ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကား ဆက်လက်အပြုသဘောဆောင်နေမည်ဖြစ်ပါသည်။

**၂၀၂၅ ခုနှစ် IMF ကမ္ဘာ့ GDP( PPP)ထုတ်ပြန်ချက်အရ USD သန်းပေါင်း ၄၁ ဒသမ ၇၁ သန်းဖြင့် ကမ္ဘာတွင် စီးပွားရေးစွမ်းဆောင်နိုင်မှု အမြင့်ဆုံးနိုင်ငံဖြစ်နေသည့် တရုတ်နိုင်ငံ၏ BRI ပန်းတိုင်တွင် ပါဝင်ခြင်းဖြင့် သိသာထင်ရှားသောအကျိုးကျေးဇူးများစွာကို ရရှိမည်ဟု ယူဆပါသည်။ အိမ်နီးချင်းမိတ်ဆွေကောင်းစိတ်ဓာတ်ကို အခြေခံ၍ စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအရာတွင် တန်းတူညီမျှပေါင်းစည်းမှုမှတစ်ဆင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုများ ရရှိလာမည်ဟု ယုံကြည်ထားပါသည်။ ထိုသို့သော အပြန်အလှန်ယုံကြည်မှုကသာ ဒေသတွင်းဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှုကိုပါ ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။**

*စာမျက်နှာ ၇ သို့*

# နေပြည်တော် စိမ်းလန်းစိုပြည်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂၆

**နေပြည်တော်စိမ်းလန်းစိုပြည်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဘုရားအနီး ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။**



ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ စာသင်ကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် မြို့၊ ကျေးရွာများအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုများက မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့သို့ သွားရောက်ပြီး မြို့တွင်းသန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်-၁ ရပ်ကွက် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး၊ အမှတ်-၂ ရပ်ကွက် အောင်ဇေယျလမ်းနှင့် လမ်းမတော်လမ်း၊ အမှတ်-၃ ရပ်ကွက် ဘုရားလမ်းနှင့် ဖောင်တော်ချက်မဘုရားဝင်းများတွင် လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ခေတ်ရှေ့ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်သည့် သဘာဝဘေးအသိပေးဟောပြောပွဲနှင့် ငလျင်ဘေးသဏ္ဌာန်တူသရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျောင်းသား ကျောင်းသူများကို သဘာဝဘေးအသိပညာပေး ဟောပြောပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား မီးသတ်ဆေးဘူးအသုံးပြုပုံသရုပ်ပြခြင်း၊ ဉာဏ်စမ်းပဟေဠိကစားခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံ ရှင်းလင်းပြသနေမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများက ငလျင်ဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး သရုပ်ပြလေ့ကျင့်မှုတွင် ပါဝင်သရုပ်ပြသခဲ့သည့် ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ကုလားရွာသို့ သွားရောက်၍တောင်သူများနှင့်တွေ့ဆုံပြီး အောင်နိုင်တိုး မျိုးစပါး၊ နေကြာနှင့် ပဲတီစိမ်းမျိုးစေ့များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက သဘာဝမြေသြဇာနှင့် မျိုးစေ့ချကိရိယာ(Seeder)များကိုလည်းကောင်း ပေးအပ်ကြကာ ဆင်သေချောင်းဘေး၌ သီးနှံများစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# စာဆိုဗိမာန်တည်ဆောက်ပြီးစီးပါက အတွင်းပိုင်းအခန်းများ ပြင်ဆင်ရေးအတွက် ညှိနှိုင်းစည်းဝေး

## ခင်းကျင်းပြသသင့်သည့် အချက်အလက်များကို ကြိုတင်စုဆောင်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်သွားမည်

ရန်ကုန် ဇူလိုင် ၂၆

**စာဆိုဗိမာန်အဆောက်အအုံတွင် ခင်းကျင်းပြသမှုဆိုင်ရာ စိစစ်အတည်ပြုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စာဆိုဗိမာန်တည်ဆောက်ပြီးစီးပါက အတွင်းပိုင်းအခန်းများ ပြင်ဆင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**



အစည်းအဝေးသို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စာဆိုဗိမာန် အဆောက်အအုံတွင် ခင်းကျင်းပြသမှုဆိုင်ရာ စိစစ်အတည်ပြုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများ၊ စာပေဗိမာန် စာတည်းမှူးချုပ်နှင့် ပြင်ပလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်နေသော စာဆိုဗိမာန်ကို ယခုနှစ်ကုန်ခန့်တွင် ပြီးစီးရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ပြီးစီးပါက အခန်းများတွင် လိုအပ်သည့် ပြင်ဆင်ခင်းကျင်းမှုများ ပြုလုပ်၍ ဖွင့်ပွဲကျင်းပသွားရန်ရှိကြောင်း၊ ထို့ကြောင့် အချိန်မီကြိုတင်ပြင်ဆင်နိုင်ရေး ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်နိုင်ကြရန်လိုကြောင်း၊ အခန်းအနေအထားအရ ခင်းကျင်းပြသသင့်သည့် အချက်အလက်များကို ကြိုတင်စုဆောင်း စီစဉ်ပြီး အတည်ပြုပြီးပါက မိမိတို့ ဝန်ကြီးဌာနက စုစည်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာဆိုဗိမာန်အဆောက်အအုံတွင် ခင်းကျင်းပြသမှုဆိုင်ရာ စိစစ်အတည်ပြုအဖွဲ့ အဖွဲ့ဝင်များနှင့် ပြင်ပလုပ်ငန်းရှင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**



# ညောင်ရွှေမြို့နယ် ရေထွက်အနီး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ညောင်ရွှေ ဇူလိုင် ၂၆**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု ထီပုံးကျေးရွာ ရေထွက်အနီး၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်နှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက သစ်ပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မာတာကွတ် အပင် ၂၀၀၊ အော်ရေးရှား အပင် ၂၀၀၊ ပြည်လုံးချမ်းသာ ၂၅ ပင်၊ အာဖကန်ကျူးလစ် အပင် ၅၀၊ စိန်ပန်းနီပျိုးပင် ၂၅ ပင် စုစုပေါင်း ပျိုးပင် ၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

**သစ်တော**
**မှန်လျှင်**
**အသုံးဝင်၊**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ။**

*စာမျက်နှာ ၆ မှ*

နယ်မြေအခြေအနေတည်ငြိမ်ပါက ကျောက်ဖြူအပါအဝင် အထူးစီးပွားရေးဇုန်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ခရီးသွားလုပ်ငန်းများစွာကို အကောင်းဆုံးဆွဲဆောင်ရာဖြစ်သည်။ အခွန်အကောက်ရငွေများတိုးတက်လာမည်မှာ သေချာသည်။ စီးပွားရေးလုပ်ငန်းရှင်များ၏ ပြည်တွင်းထုတ်လုပ်မှုများတိုးတက်လာမည်။ ထိုမှတစ်ဆင့် အခြားသော စကြိုးများနှင့် ချိတ်ဆက်မိကာ ဒေသတွင်း ကုန်သွယ်ဈေးကွက်မှသည် ကမ္ဘာ့ဈေးကွက်ကွန်ရက်အထိ ခြေဆန့်နိုင်တော့မည်ဖြစ်သည်။

MSME လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာစရာရှိသည်။ ရခိုင်တိုင်းရင်းသားများအပါအဝင် မြန်မာတိုင်းရင်းသားများအကြား ဆင်းရဲမှုနှင့် မညီမျှမှုများ လျော့နည်းလာမည်ဖြစ်သည်။ လူနေမှုဘဝများ သိသာထင်ရှားစွာ တိုးတက်လာမှုကြောင့် ငြိမ်းချမ်းရေးအာမခံချက်များကိုလည်း မြင်နေရသည်။ လက်တွေ့ကျသော ချဉ်းကပ်မှုများမှ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများစွာနှင့် ထိတွေ့ဆက်ဆံခွင့်လည်း ရရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအပါအဝင် ကျွမ်းကျင်ပညာတတ်လူသားအရင်းအမြစ်များစွာကို မွေးထုတ်၍ ထိုလူသားစွမ်းအားကို ထိထိရောက်ရောက် အသုံးချနိုင်တော့မည်ဖြစ်သည်။ ဤသို့ဖြင့် မဟာဗျူဟာအချက်အချာအရ၊ စီးပွားရေးအရ၊ ပထဝီနိုင်ငံရေးအရ အခွင့်အလမ်းကောင်းများကို အကောင်းဆုံးအသုံးချပြီး အတားအဆီးများကို နည်းပါးအောင်ပြုခြင်းဖြင့် လှပသောအနာဂတ်ကို ပုံဖော်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ထားပါသည်။

**ကိုးကား –** Shoon Lei Win ၏ Master of Arts Thesis "CHINA–MYANMAR RELATIONS IN THE CONTEXT OF THE CHINA–MYANMAR ECONOMIC CORRIDOR" (CMEC), June 4,2025.

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ကြည့်ရှုအားပေး

**ဘားအံ ဇူလိုင် ၂၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မြေပြင်ကွင်းဆင်း ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စု လှိုင်ရွာရှိ တောင်သူဦးလုံ (ခ) ဦးအောင်ဖေညွန့်၏ တစ်ပိုင်တစ်နိုင် ဒေသကြက် ၁၁၂ ကောင်နှင့် ဝက် ၄၇ ကောင် မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး တိုးချဲ့မွေးမြူနိုင်ရေးနှင့် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးနိုင်ရေး မှာကြားကာ တိရစ္ဆာန်သုံးဆေးဝါးများ အခမဲ့ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် တော်ပုံကျေးရွာ ကွင်းအမှတ်-၁၁၉၀ ရှိ တောင်သူ ဦးထွန်းတင်၏ မိုးစပါးတစ်ဧက အထွက်နှုန်း တိုးတက်ရေးနည်းပညာပေး စံပြစိုက်ခင်း ငါးဧကၖ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန(ခွဲ)မှ ခရုအမိုင်နိုအက်စစ်ပြုလုပ်သုံးစွဲနည်းနှင့် အီးအမ်ဘိုကာရှီမြေဆွေး ပြုလုပ်သုံးစွဲနည်းတို့ကို လက်တွေ့ပြုလုပ်ပြသရာ တော်ပုံ၊ လှိုင်ကမ္မာ၊ ကော့ထမ္မလိန်းကျေးရွာများမှ မိုးစပါးစိုက်တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြ၍ ပြန်လည် ပြုလုပ်သုံးစွဲကြရန် တိုက်တွန်းပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ပြုလုပ်လိုသည့် တောင်သူများကို အီးအမ်(အပြင်း) ရည်များကို အခမဲ့ဖြန့်ဝေပေးသည်။

ယင်းနောက် မိုးစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးစံပြစိုက်ခင်းအား စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကာ ပင်ကြား၊ တန်းကြားမှန်ကန်စေရေး၊ သွင်းအားစုများ အချိန်ကိုက် ထည့်သွင်းနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကော့ထမ္မလိန်းကျေးရွာ ကွင်းအမှတ်-၁၂၀၄ တောင်သူ ဦးထွန်းဝင်း၏ မိုးစပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေး နည်းပညာပေးစံပြစိုက်ခင်း၌ ကော့ထမ္မလိန်း၊ ကော့တရုတ်ရ၊ လှိုင်ကမ္မာ၊ ကော့လှိုက်ကျေးရွာများမှ တောင်သူများပူးပေါင်း၍ သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ အချိုးကျရောစပ်စုပေါင်း ကြဲပက်ခြင်းကွင်းသရုပ်ပြပွဲ(**အပေါ်ပုံ**)နှင့် အမှတ် (၂၀) စက်မှုလယ်ယာစခန်း(ဘားအံ)မှ ကွင်းအမှတ် - ၁၂၀၄ ကံမြားမြောက်ကွင်း တောင်သူ သုံးဦး၏ မိုးစပါး စိုက်ပျိုးမည့်လယ်မြေ ၆ ဒသမ ၁၈ ဧကၖ Kubota 50 ထွန်စက်ကြီး သုံးစီးဖြင့် မြေယာထွန်ယက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့်သွင်းအားစုများ ဖြည့်ဆည်းကူညီပေးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး ဗလငါးတန်နှင့် ပြည့်စုံသော နည်းပညာရှင် လူငယ်ကောင်းများအဖြစ် ပါဝင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)ကို သွားရောက်စစ်ဆေးရာ ကျောင်းအုပ်ကြီးက ကျောင်းလုပ်ငန်းဆိုင်ရာ တင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးကာ ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများရှိ လက်တွေ့ခန်းများနှင့် အလုပ်ရုံများတွင် လက်တွေ့လုပ်ငန်းများကို စိတ်ဝင်စားစွာ လေ့ကျင့်လျက်ရှိကြသော ကျောင်းသားကျောင်းသူများကို နှုတ်ဆက်အားပေးကာ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ တည်ဆောက်ရာတွင် ဗလငါးတန်နှင့်ပြည့်စုံသော နည်းပညာရှင် လူငယ်ကောင်းများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေး အဓိကရည်မှန်းကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး နိုင်ငံ့အကျိုးပြု လုပ်ငန်းများ၌ အထောက်အကူပြု ပါဝင်ဆောင်ရွက်နိုင်သော မျိုးဆက်သစ်နည်းပညာရှင်များ ဆက်လက်ပျိုးထောင်ပေးရန်၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ နိုင်ငံတကာ အဆင့်မီ IT ပညာရှင်များမွေးထုတ်ပေးရန်နှင့် ဒေသအကျိုးပြု နိုင်ငံ့အကျိုးပြု လုပ်ငန်းများကို ဆရာဆရာမများက ဝိုင်းဝန်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသားကျောင်းသူများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် Academic Plan အတိုင်း ဆက်လက် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ကွန်ပျူတာခန်း၊ ETRI Lab နှင့် တက္ကသိုလ်ဥယျာဉ်ပမိရိပ် တင့်တယ်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို ဇူလိုင် ၂၃ ရက်က OiAC ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇင်မင်းက မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်ဟန်နီကျော်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် အရေးပေါ်ဆောင်ရွက်နိုင်ရန်အတွက် ပြုလုပ်ဆောင်ရွက်သင့်သည်များကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးဘေးအန္တရာယ်ကြုံတွေ့ရပါက မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးငြိမ်းသတ်ပုံများကို ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်း အိမ်ရာ၌ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာ အလယ်တန်းကျောင်း (မြန်မာ့သားကောင်း)၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ဦးစွာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးအေးကျော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသူတို့က မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်း ဝန်ထမ်းအိမ်ရာအတွင်း နေထိုင် ကြသောပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်ဖြင့် ထုတ်ပေးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်း ၄၅ စုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၆၂ ကတ်ကို လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး UID ကတ်များကို နေ့ချင်းပြီးဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျန်ရှိသည့် အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်း ပြည့်မီသူများနှင့် ဝန်ထမ်းအိမ်ရာအတွင်း နေထိုင်ကြသော နိုင်ငံ့ဝန်ထမ်းစစ်သည် မိသားစုများ၏ ပျောက်ဆုံး/ပျက်စီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို လက်ထောက်လဝကမှူး ဒေါ်သန်းသန်းစိုးနှင့်အဖွဲ့က ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်လဝက ဦးစီးမှူး ဦးအေးကျော်က လိုက်လံကြည့်ရှု၍ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာစံချိန်စံညွှန်းများ ပြင်ဆင်သတ်မှတ်ခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၉၄။ | MMS IEC 62196-3:2022 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့် ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့်ယာဉ်အားသွင်းပေါက်များ- အပိုင်း(၃)- ဒီစီငုတ်၊ အေစီ/ဒီစီငုတ်နှင့် လျှပ်စီးကြောင်းကို ပံ့ပိုးသည့် ယာဉ်ချိတ်ဆက်ကိရိယာများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာ လိုအပ်ချက်များ |
| ၉၅။ | MMS IEC 62208:2023 အကာအရံမပါသော ဗို့အားနိမ့် ဆွစ်ဂီယာနှင့် ကွန်ထရိုးလ် ဂီယာ အစိတ်အပိုင်းများ တပ်ဆင်ခြင်း - အထွေထွေလိုအပ်ချက်များ |
| ၉၆။ | MMS IEC 62271-200:2021+AMD1:2024 ဗို့အားမြင့် ဆွစ်ဂီယာနှင့် ကွန်ထရိုး ဂီယာ -အပိုင်း (၂၀၀)- သတ်မှတ် ဗို့အား ၅၂ ကီလိုဗို့ ပါဝင်ပြီး ၁ ကီလိုဗို့နှင့်အထက် အေစီ စနစ် သတ္တုပြားအကာအရံပါသော ဆွစ်ဂီယာနှင့် ကွန်ထရိုးဂီယာ |
| ၉၇။ | MMS IEC 62552 - 1: 2015 + AMD1:2020 အိမ်သုံးရေခဲသေတ္တာများ - ထူးခြားသည့် လက္ခဏာများနှင့်စမ်းသပ်သည့်နည်းလမ်းများ -အပိုင်း(၁)-အထွေထွေလိုအပ်ချက်များ |
| ၉၈။ | MMS IEC 62552-2:2015+AMD1:2020 အိမ်သုံးရေခဲသေတ္တာများ - ထူးခြားသည့် လက္ခဏာများနှင့် စမ်းသပ်သည့်နည်းလမ်းများ- အပိုင်း(၂) - စွမ်းဆောင်ရည် လိုအပ်ချက်များ |
| ၉၉။ | MMS IEC 62552-3:2015+AMD1:2020 အိမ်သုံးရေခဲသေတ္တာများ - ထူးခြားသည့် လက္ခဏာများ နှင့် စမ်းသပ်သည့်နည်းလမ်းများ -အပိုင်း (၃) - စွမ်းအင်သုံးစွဲမှုနှင့် ပမာဏ |
| ၁၀၀။ | MMS IEC 63294:2021 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော လျှပ်စစ် ကေဘယ်လ်များအတွက် စမ်းသပ်စစ်ဆေးနည်းလမ်းများ |
| ၁၀၁။ | MMS ISO 5151:2017+AMD1:2020 သွယ်တန်းပိုက်မပါသော လေအေးပေးစက်နှင့် အပူပေးပန့် များ - စွမ်းဆောင်ရည်စမ်းသပ်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်း |
| ၁၀၂။ | MMS ISO 15042:2017+AMD1:2020 အောက်ဒိုးယူနစ်တစ်ခုနှင့် အင်ဒိုးယူနစ်တစ်ခုထက် ပိုသောစနစ်ရှိသော လေအေးပေးစက်နှင့် လေအပူပေးပန့်များ - စွမ်းဆောင်ရည် စမ်းသပ်ခြင်း နှင့် အဆင့်သတ်မှတ်ခြင်း |
| ၁၀၃။ | MMS ISO 16358-1:2013+AMD1:2019+AMD2:2024 လေဖြင့်အအေးပေးသည့် လေအေးပေး စက်နှင့် လေအပူပေးပန့် - ရာသီအလိုက် စွမ်းဆောင်ရည်အချက်များအတွက် စမ်းသပ်ခြင်းနှင့် တွက်ချက်နည်းများ - အပိုင်း (၁) - အေးမြသော ရာသီအလိုက် စွမ်းဆောင်ရည်အချက်များ |
| ၁၀၄။ | MMS CISPR 15:2018+ AMD1:2024 လျှပ်စစ်ဆိုင်ရာ အလင်းပေးခြင်းနှင့် အလားတူပစ္စည်း ကိရိယာများ၏ ရေဒီယိုလိုင်းနှောင့်ယှက်မှုဖြင့် လက္ခဏာများကို ကန့်သတ်မှုနှင့် တိုင်းတာမှု နည်းလမ်းများ |
| ၁၀၅။ | MMS ISO 9001: 2015+AMD1:2024 အရည်အသွေးစီမံခန့်ခွဲမှုစနစ် - လိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
| ၁၀၆။ | MMS ISO 21001:2018+AMD1:2024 ပညာရေးဆိုင်ရာအဖွဲ့အစည်းများ- ပညာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် စီမံခန့်ခွဲမှုစနစ်များ -အသုံးပြုရန်အတွက် လမ်းညွှန်မှုပါသော လိုအပ်ချက်များ |
| ၁၀၇။ | MMS ISO 37001:2025 လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်များ- အသုံးပြုရန်အတွက် လမ်းညွှန်မှုပါသောလိုအပ်ချက်များ |
| ၁၀၈။ | MMS ISO 11930:2019+AMD1:2022 အလှကုန်ပစ္စည်းတွင် အဏုဇီဝပိုးမွှား ကင်းစင်စေသော ကာကွယ်မှုစနစ်ကို ဆန်းစစ်အကဲဖြတ်ခြင်း |
| ၁၀၉။ | MMS ISO 16212: 2017+AMD1:2022 အလှကုန်ပစ္စည်းများ- အဏုဇီဝဗေဒ ပညာရပ် - တဆေးနှင့်မှိုပါဝင်မှုကို ရေတွက်တိုင်းတာခြင်း |
| ၁၁၀။ | MMS ISO 18416:2015+AMD1:2022 အလှကုန်ပစ္စည်း- အဏုဇီဝဗေဒပညာရပ်- *Candida albicans* ပိုးမွှားကို ရှာဖွေစစ်ဆေးခြင်း |
| ၁၁၁။ | MMS ISO 22717:2015+AMD1:2022 အလှကုန်ပစ္စည်း- အဏုဇီဝဗေဒပညာရပ် - *Pseudomonas aeruginosa* ပိုးမွှားကို ရှာဖွေစစ်ဆေးခြင်း |
| ၁၁၂။ | MMS ISO 22718:2015+AMD1:2022 အလှကုန်ပစ္စည်း- အဏုဇီဝဗေဒပညာရပ် - *Staphylooccus aureus* ပိုးမွှားကို ရှာဖွေစစ်ဆေးခြင်း |
| ၁၁၃။ | MMS ISO 712-1: 2024 နှံစားသီးနှံများနှင့် နှံစားသီးနှံထွက်ကုန်များအတွက် အစိုဓာတ် ပါဝင်မှုကို တိုင်းတာသတ်မှတ်ခြင်း - ကိုးကားသည့်နည်းလမ်း |
| ၁၁၄။ | MMS ISO 10993-2:2022 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ်ခြင်း - အပိုင်း (၂)- တိရစ္ဆာန်များ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ |
| ၁၁၅။ | MMS ISO 10993-4:2017+AMD1:2025 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ် ခြင်း-အပိုင်း (၄)- သွေးနှင့်ဓာတ်ပြုခြင်းဖြစ်စဉ်အတွက် ရွေးချယ်ထားသော စမ်းသပ်စစ်ဆေးမှု နည်းလမ်းများ |
| ၁၁၆။ | MMS ISO 10993-7:2008+AMD1:2019 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ် ခြင်း — အပိုင်း (၇) - ပိုးသန့်စင်ပြီးနောက် ကျန်ရှိသော Ethylene oxide အကြွင်းအကျန်များ- ပြင်ဆင်ဖြည့်စွက်ချက်(၁) - မွေးကင်းစကလေးနှင့် ကလေးငယ်များအတွက် ခွင့်ပြုပမာဏများ ကို အသုံးချနိုင်မှု |
| ၁၁၇။ | MMS ISO 10993-10:2021 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ်ခြင်း — အပိုင်း (၁၀) - အရေပြားတုံ့ပြန်ဓာတ်ပြုမှုကို သိရှိခံစားနိုင်သည့် စမ်းသပ်စစ်ဆေးမှုနည်းလမ်းများ |
| ၁၁၈။ | MMS ISO 10993-12:2021 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ်ခြင်း-အပိုင်း (၁၂)- နမူနာ ပြင်ဆင်ခြင်းနှင့် မှီငြမ်းသောပစ္စည်းများ |
| ၁၁၉။ | MMS ISO 10993-17:2023 ဆေးပစ္စည်းကိရိယာများ၏ ဇီဝဗေဒဆိုင်ရာ အကဲဖြတ်ခြင်း — အပိုင်း (၁၇) - ဆေးပစ္စည်းကိရိယာအစိတ်အပိုင်းများ၏ အဆိပ်အတောက် ဖြစ်စေနိုင်မှုအန္တရာယ်ကို အကဲဖြတ်ခြင်း |
| ၁၂၀။ | MMS ISO 11607-2:2019+AMD1:2023 နောက်ဆုံးအဆင့် ပိုးသတ်ပြီးသော ဆေးပစ္စည်း ကိရိယာများအား ထုပ်ပိုးခြင်း - အပိုင်း (၂) - ပုံစံပြုလုပ်ခြင်း၊ ချိတ်ပိတ်ခြင်း၊ စုစည်းခြင်းလုပ်ငန်း စဉ်များကို ဆန်းစစ်ခြင်း — ပြင်ဆင်ဖြည့်စွက်ချက် (၁) - ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချနိုင်မည့်စီမံခန့်ခွဲမှုစနစ်ကို အသုံးချခြင်း |
| ၁၂၁။ | MMS ISO 14155:2020 လူပုဂ္ဂိုလ်များတွင် ပြုလုပ်သော ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှု ကောင်းမွန်သောဆေးပညာဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုကျင့်စဉ် |
| ၁၂၂။ | MMS ISO 15223-1:2021+AMD1:2025 ဆေးပစ္စည်းကိရိယာများ -- အညွှန်းအမှတ်အသား များနှင့် အချက်အလက်များ ဖော်ပြခြင်းအတွက် အသုံးပြုသည့်သင်္ကေတများ — အပိုင်း(၁)- အထွေထွေလိုအပ်ချက်များ -ပြင်ဆင်ဖြည့်စွက်ချက် (၁) -နိုင်ငံ သို့မဟုတ် ဒေသအလိုက် သီးသန့် မဖြစ်စေရန် ပြုပြင်မွမ်းမံထားသော EC REP သင်္ကေတနှင့် တရားဝင်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အသုံးအနှုန်းကို ပေါင်းထည့်ခြင်း၊ |
| ၁၂၃။ | MMS ISO 15747: 2018 သွေးကြောသွင်းဆေးရည်များ ထည့်ရန်အသုံးပြုသည့် ပလတ်စတစ်ဘူး များ၏ မြန်မာစံချိန်စံညွှန်း |
| ၁၂၄။ | MMS IEC 60601-1 :2024 လျှပ်စစ်နှင့် အသုံးပြုရသော ဆေးပစ္စည်းကိရိယာ - အပိုင်း (၁) - အခြေခံဘေးအန္တရာယ်ကင်းရှင်းမှုနှင့် မရှိမဖြစ်လိုအပ်သော လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာ အခြေခံမှုအတွက် အထွေထွေလိုအပ်ချက်များ (အတွဲ) |
| ၁၂၅။ | MMS IEC 60601-2-19:2020+ AMD1:2023 ဆေးဘက်ဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာ - အပိုင်း (၂) - မွေးကင်းစကလေးအတွက် Infant Incubators ၏ အခြေခံဘေးအန္တရာယ်ကင်းရှင်းမှုနှင့် မရှိမဖြစ် လိုအပ်သော လုပ်ငန်းစွမ်းဆောင်ရည်အတွက် အထူးလိုအပ်ချက်များ |
| ၁၂၆။ | MMS ISO 36:2020 ရော်ဘာ၊ ပေါင်းထားသောရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ် ပစ္စည်းများတွင် အထည်ဖျင်များပေါ်၌ တွယ်ကပ်နိုင်မှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၂၇။ | MMS ISO 37:2024 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း (သို့မဟုတ်) သာမို ပလတ်စတစ်ပစ္စည်း များ- Tensile stress-strain ဆိုင်ရာဂုဏ်သတ္တိများကို စစ်ဆေးတိုင်းတာခြင်း |
| ၁၂၈။ | MMS ISO 125:2020 သဘာဝရော်ဘာအစေးရည်အပျစ် - အယ်ကာလီဓာတ်ဖြစ်နေမှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၂၉။ | MMS ISO 127:2018 ရော်ဘာ၊ သဘာဝရော်ဘာစေးရည် အနှစ် - ပိုတက်ဆီယမ် ဟိုက်ဒြောဆိုက် ကိန်း စစ်ဆေးတိုင်းတာခြင်း |
| ၁၃၀။ | MMS ISO 188:2023 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်း- သက်တမ်းတိုးမှုနှင့် အပူခံနိုင်မှုစမ်းသပ်ချက်များ |
| ၁၃၁။ | MMS ISO 248-1:2021 ရော်ဘာ၊အစိမ်း -အငွေ့ပြန်နိုင်သော ဒြပ်ပစ္စည်း ပါဝင်မှုပမာဏတိုင်းတာ သတ်မှတ်ခြင်း- အပိုင်း(၁) - ကြိတ်စက်အပူ အသုံးပြုသော နည်းလမ်းနှင့် အလုံပိတ်မီးဖိုအသုံး ပြုသောနည်းလမ်း |
| ၁၃၂။ | MMS ISO 249:2016+AMD1:2022 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း - အညစ်အကြေး (အမှိုက်) ပါဝင်မှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၃၃။ | MMS ISO 506:2020 သဘာဝရော်ဘာစေးရည်၊ရော်ဘာအနှစ်- အငွေ့ပြန်နိုင်သော ဖက်တီး အက်စစ်ကိန်းကို စစ်ဆေးတိုင်းတာခြင်း |
| ၁၃၄။ | MMS ISO 1431-1:2024 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း သို့မဟုတ် သာမိုပလတ်စတစ် ပစ္စည်းများ - အိုဇုန်းကြောင့်အက်ကွဲမှုကိုခုခံနိုင်စွမ်း-အပိုင်း (၁)- Static and dynamic strain ဆိုင်ရာစမ်းသပ်ချက် |
| ၁၃၅။ | MMS ISO 1436:2020 ဆီ (သို့မဟုတ်) ရေကို အခြေခံထုတ်လုပ်ထားသည့် ဝိုင်ယာကွန်ရက် အားဖြည့် ဟိုက်ဒရောလစ်အမျိုးအစားများတွင် အသုံးပြုသော ရော်ဘာပိုက်နှင့် ပိုက်ဆက် ပစ္စည်းများ- စံသတ်မှတ်ချက်များ |
| ၁၃၆။ | MMS ISO 1656:2019 ရော်ဘာ၊ သဘာဝရော်ဘာနှင့် ရော်ဘာစေးရည်၊ သဘာဝ -နိုက်ထရိုဂျင် ပါဝင်မှု ပမာဏကို စစ်ဆေးတိုင်းတာခြင်း |
| ၁၃၇။ | MMS ISO 1817:2024 ပေါင်းထားသော ရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ်ပစ္စည်း များ အရည်များ၏ သက်ရောက်မှုကို စစ်ဆေးတိုင်းတာခြင်း |
| ၁၃၈။ | MMS ISO 1827:2022 ရော်ဘာ၊ ပေါင်းပြီးရော်ဘာပစ္စည်း (သို့မဟုတ်) သာမိုပလတ်စတစ် ပစ္စည်းများ- Quadruple - shear နည်းဖြင့် shear modulus နှင့် rigid plates များပေါ်တွင် တွယ်ကပ်နိုင်မှုစမ်းသပ်ခြင်း |
| ၁၃၉။ | MMS ISO 2000:2020 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း - TSR များ၏ စံအရည်အသွေး သတ်မှတ်ချက်များအတွက် လမ်းညွှန်ချက်များ |
| ၁၄၀။ | MMS ISO 2004:2024 သဘာဝရော်ဘာအစေးရည် အပျစ်- ဗဟိုခွာအားသုံး (သို့မဟုတ်) ဓာတုဆေးသုံး၍ သဘာဝအစေးရည်ကို ပျစ်စေပြီး အမိုးနီးယားဖြင့် တာရှည်ခံအောင် ထိန်းသိမ်းထားသည့် အစေးရည်အပျစ် အမျိုးအစားများ- စံသတ်မှတ်ချက်များ |
| ၁၄၁။ | MMS ISO 2007:2018 ရော်ဘာ၊ ကန့်ရောစပ်ထားခြင်း မရှိသော -ပလတ်စတစ် ဂုဏ်သတ္တိ တိုင်းတာသတ်မှတ်ခြင်း -ရက်ပစ်ဒ်-ပလပ်စတီမီတာနည်းလမ်း |
| ၁၄၂။ | MMS ISO 2398:2024 ရော်ဘာပိုက်များနှင့် လေဖိအားဒဏ်ခံနိုင်ရန်အတွက် ချည်သားအားဖြည့် ထည့်သွင်းထားသောရော်ဘာပိုက်များ - စံသတ်မှတ်ချက်များ |

*(ဆက်လက်ဖော်ပြပါမည်)*

# သဒ္ဓါကို ယုံကြည်စိတ်ချရမှုနဲ့ တုံ့ပြန်ကြစို့

မောင်ရှိန်(ဘောဂဗေဒ)

ကျွန်တော့်အသက် နှစ် ၇၀ နီးပါးကာလ တွေ့ကြုံခဲ့ရတဲ့သူတွေထဲမှာ သဒ္ဓါတရားရှိသူတွေကို တွေ့ရသလို သဒ္ဓါတရားမရှိတဲ့သူတွေကိုလည်း တွေ့ကြုံခဲ့ရပါတယ်။

**“သဒ္ဓါ (Generosity)”** ဝေါဟာရကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေတဲ့ မြန်မာအဘိဓာန်စာအုပ်မှာ **“လိုလားကြည်ဖြူသည်၊ ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှု၊ လိုလားကြည်ဖြူခြင်း”၊ “သဒ္ဓါပေါက်”**ကို **“ပေးကမ်းလှူဒါန်းလိုသော စေတနာဖြစ်ပေါ်သည်”** ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

**ပေးကမ်းလှူဒါန်းဖို့ဆိုတာ စေတနာရှိဖို့ကလည်း မဖြစ်မနေ လိုအပ်**

အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေထဲမှာ ကျွန်တော်ပြောလိုတဲ့အချက်နဲ့ အနီးစပ်ဆုံးအဓိပ္ပာယ်ကတော့ **“ပေးကမ်းလှူဒါန်းလိုသော စေတနာဖြစ်ပေါ်သည်”** ပါ။ ပေးကမ်းလှူဒါန်းဖို့ဆိုတာ ပေးကမ်းလှူဒါန်းနိုင်တဲ့ပစ္စည်း၊ ဥစ္စာရှိဖို့ကလည်း အခြေခံလိုအပ်ချက်တစ်ခုဖြစ်သလို ပေးကမ်းလှူဒါန်းလိုတဲ့ စေတနာရှိဖို့ကလည်း မဖြစ်မနေ လိုအပ်ချက်ပါ။

သဒ္ဓါနဲ့ဆက်နွယ်နေတဲ့ စကားလုံးကတော့ ဒါနဖြစ်ပါတယ်။ ဒါနကို ပါဠိ-မြန်မာ အဘိဓာန်မှာ **“ပေးခြင်း၊ ပေးကမ်းခြင်း၊ အလှူပေးခြင်း”**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အင်္ဂလိပ်လို charity, alms-giving, beneficence ဆိုပြီး ဘာသာပြန်ဆိုထားပါတယ်။ ပါဠိနဲ့ရင်းနှီးနေပြီဖြစ်တဲ့ မြန်မာတို့မှာ ဒါနဆိုတဲ့ ပါဠိစကားကို ပါဠိအတိုင်း ဒါနလို့သုံးရင် နားလည်ကြပါတယ်။

နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့တွေဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်တွေအနက် ဒါနဖြစ်ဖို့ မဖြစ်မနေလိုအပ်တဲ့ သဒ္ဓါနဲ့ပတ်သက်လို့ ကိုယ်တွေ့အတွေ့အကြုံလေးကို ပြောပြလိုပါတယ်။

ကျွန်တော်ဟာ ၁၉၉၆ ခုနှစ်လောက်က အဖွဲ့အစည်းတစ်ခုရဲ့ အားကစားကော်မတီမှာ တာဝန်ယူခဲ့ရတုန်းက အားကစားပြိုင်ပွဲပြီးလို့ ဌာနကို ပြန်ရောက်တော့ ပြေးခုန်ပစ်ပြိုင်ပွဲမှာ ဆုရရှိသူတွေကို သက်သာချောင်ချိရေးဆိုင်က ဆန်လေးတစ်အိတ်စီရောင်းပေးဖို့ တင်ပြတာကို တာဝန်ရှိတဲ့သူက ရန်ပုံငွေလည်းရှိ၊ လုပ်ပိုင်ခွင့်လည်းရှိပေမယ့် မသိချင်ယောင် ဆောင်နေလိုက်ပါတယ်။ ၁၉၉၉ ခုနှစ်လောက်မှာ မူလတန်းကျောင်းလေးတစ်ကျောင်းရဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရတုန်းကလည်း အဲဒီကျောင်းရေိယာအပါအဝင် စီမံအုပ်ချုပ်ရတဲ့တာဝန်ရှိသူကို ပညာရည်ထူးချွန်ဆုရတဲ့ ကျောင်းသားတွေကို ဆုချီးမြှင့်ဖို့အတွက် ကျောင်းရန်ပုံငွေနည်းပါးနေလို့ ကူညီထောက်ပံ့ပေးဖို့ တင်ပြတာကိုလည်း အဲဒီသူက မသိလိုက် မသိဘာသာနေခဲ့ပြီး ကူညီထောက်ပံ့မှုမပြုခဲ့ပါဘူး။

မကြာသေးမီကလည်း အသိမိတ်ဆွေတစ်ဦးဆီက သဒ္ဓါတရားနဲ့ပတ်သက်လို့ သတင်းတစ်ခုကြားရပြန်ပါတယ်။ ကုမ္ပဏီသူဌေးလုပ်တဲ့သူက သူ့ကုမ္ပဏီရဲ့ ငွေရေးကြေးရေး အကျပ်အတည်းကြောင့် ဝန်ထမ်းတွေကိုလျှော့ချင်တာ တည်ဆဲအလုပ်သမားဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ ဝန်ထမ်းကို အလုပ်ကထုတ်ချင်ရင် သုံးလစာပေးပြီးမှ ထုတ်ရမှာကို မပေးချင်လို့ ရုံးနောက်ကျတဲ့ဝန်ထမ်းတွေကို စာရင်းကောက်နေကြောင်း၊ အခြားအပြစ်တွေလည်းရှာပြီး အလုပ်ကထုတ်ဖို့ ဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေကို ရဲဘော်ရဲဘက်တွေလိုသဘောထား၊ မိဘဆရာသမားလိုသဘောထားပြီး ပြုမူဆက်ဆံရမှာကို သဒ္ဓါတရားချို့တဲ့မှုကြောင့် မလုပ်သင့်၊ မလုပ်ထိုက်တာတွေ လုပ်ကိုင်နေတာကို ကြားသိရလို့ စိတ်မကောင်းဖြစ်မိပါတယ်။

“သဒ္ဓါတရားချို့တဲ့သူတွေရှိသလို သဒ္ဓါတရား ထက်သန်သူတွေကိုလည်း အများအပြား တွေ့ရှိရပါတယ်။ အနီးဆုံးကာလကိုကြည့်ရင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ရောဂါကပ်ဆိုး၊ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်၊ မြန်မာနိုင်ငံအလယ်ပိုင်း နေပြည်တော်တပ်ကုန်းပတ်ဝန်းကျင်စတဲ့ဒေသတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီး၊ မြေပြိုမှုများ၊ ၂၀၂၅ ခုနှစ် မန္တလေးလျှင်ဘေးကြီး စသဖြင့် သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ခဲ့ရစဉ်တုန်းက စေတနာသဒ္ဓါတရား ထက်သန်သူတွေကို သတင်းစာ၊ ဂျာနယ်၊ တီဗွီသတင်းတွေမှာ ဖတ်ရှုသိရှိရသလို ကမ္ပည်းမတင် အသိမပေးဘဲ လှူဒါန်းခဲ့ကြတဲ့သူတွေလည်း အမြောက်အမြားရှိခဲ့ကြပါတယ်။ မြန်မာနိုင်ငံဟာ အလှူအတန်းနဲ့ပတ်သက်လို့ အင်မတန် သဒ္ဓါတရားရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလှူအတန်း အရက်ရောဆုံး ၁၀ နိုင်ငံစာရင်းမှာ နံပါတ် ၂ နေရာမှာရှိကြောင်း သိရပါတယ် ”

RANKED: THE MOST CHARITABLE COUNTRIES IN THE WORLD, 2024

1 United States
2 Myanmar
3 New Zealand
4 Australia
5 Ireland
6 Canada
7 United Kingdom
8 Netherlands
9 Sri Lanka
10 Indonesia

CEOWORLD Magazine

Source/Chart: CEOWORLD magazine research

**စေတနာ သဒ္ဓါတရားထက်သန်သူတွေ အမြောက်အမြားရှိခဲ့**

သဒ္ဓါတရားချို့တဲ့သူတွေရှိသလို သဒ္ဓါတရားထက်သန်သူတွေကိုလည်း အများအပြားတွေ့ရှိရပါတယ်။ အနီးဆုံးကာလကိုကြည့်ရင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ရောဂါကပ်ဆိုး၊ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်၊ မြန်မာနိုင်ငံအလယ်ပိုင်း နေပြည်တော်တပ်ကုန်းပတ်ဝန်းကျင် စတဲ့ဒေသတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီး၊ မြေပြိုမှုများ၊ ၂၀၂၅ ခုနှစ် မန္တလေးလျှင်ဘေးကြီး စသဖြင့် သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ခဲ့ရစဉ်တုန်းက စေတနာသဒ္ဓါတရားထက်သန်သူတွေကို သတင်းစာ၊ဂျာနယ်၊ တီဗွီသတင်းတွေမှာ ဖတ်ရှုသိရှိရသလို ကမ္ပည်းမတင် အသိမပေးဘဲ လှူဒါန်းခဲ့ကြတဲ့သူတွေလည်း အမြောက်အမြားရှိခဲ့ကြပါတယ်။ မြန်မာနိုင်ငံဟာ အလှူအတန်းနဲ့ပတ်သက်လို့ အင်မတန် သဒ္ဓါတရားရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလှူအတန်း အရက်ရောဆုံး ၁၀ နိုင်ငံစာရင်းမှာ နံပါတ် ၂ နေရာမှာရှိကြောင်း သိရပါတယ်။

သဒ္ဓါတရားနဲ့ပတ်သက်လို့ တခြားကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်လေးတွေကို တင်ပြလိုပါတယ်။ ကျွန်တော်ဟာ ပရဟိတအဖွဲ့အစည်းတစ်ခုရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေစဉ် အခြားအသိအဖွဲ့အစည်းတစ်ခုကို Printer (used) လေးတစ်လုံး အသင်းအတွက် အဆင်ပြေရင် ကူညီပေးဖို့ မေတ္တာရပ်ခံစာလေးပို့ခဲ့ပါတယ်။ အသုံးပြုပြီးသား (used) အကူအညီတောင်းရတာက လုပ်ငန်း/အဖွဲ့အစည်းတွေလည်း စီးပွားရေးအခြေအနေ ရုန်းကန်ကြိုးစားနေကြရတာဖြစ်လို့ အားနာလို့ အသုံးပြုပြီးသားစက်လေးကိုပဲ အကူအညီတောင်းခံရတာပါ။ အဲဒီစာကိုလက်ခံရရှိတော့ အဲဒီအဖွဲ့အစည်းရဲ့ တာဝန်ရှိသူက သုံးပြီးသားကို မလှူလိုပါ။ စက်အသစ်တစ်လုံးလှူပါ့မယ်ပြောပြီး လှူခဲ့ပါတယ်။

နောက်ပြီး အဖွဲ့အစည်းတစ်ခုမှာ ကျွန်တော်တာဝန်ထမ်းဆောင်နေတုန်းက အဖြစ်အပျက်လေးတစ်ခုပါ။ တစ်နေ့ အစည်းအဝေးကျင်းပနေစဉ် တာဝန်ရှိသူက ဝန်ထမ်းတွေကို ဘဏ္ဍာနှစ်ကုန်မှာ ဆုကြေးငွေ (Bonus) တွေပေးခဲ့ကြောင်း၊ လက်ရှိစားသောက်ကုန်ဈေးနှုန်းတွေ ကြီးမြင့်မှုကြောင့် ဝန်ထမ်းလစာတွေကိုလည်း တစ်နည်းတစ်လမ်းနဲ့ တိုးမြှင့်ပေးဖို့ စဉ်းစားနေကြောင်း ပြောပါတယ်။ အဲဒီလို ရှင်းလင်းတင်ပြပြီးလို့ အထွေထွေဆွေးနွေးခြင်း အပိုင်းရောက်တဲ့အခါ ကျွန်တော်က အခုလို ဝန်ထမ်းတွေကို နှစ်စဉ် ဆုကြေးငွေပေးတာ အလွန်ကောင်းမွန်တဲ့လုပ်ရပ်ဖြစ်ကြောင်း၊ ထပ်ပြီး ဝန်ထမ်းတွေရဲ့လစာကိုလည်းတိုးပေးဖို့ စဉ်းစားနေတယ်ဆိုလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ဒီလိုအချိန်မှာ ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ဆရာကြီးမင်းသုဝဏ်ရဲ့ မောင်ခွေးဖတ်ဖို့ ကဗျာများထဲက ဆွမ်းအုပ်နီနီကဗျာလေးကို သတိရမိပါကြောင်း ပြောပြီး ကဗျာလေးကို အောက်ပါအတိုင်း ဆိုပြမိပါတယ်-

**“ဆွမ်းအုပ်နီနီ အမေရွက်လို့ မနက်ဖြန်သဘက်ကျောင်းတက်မယ် .....**

**မောင်လည်းလိုက်မယ် ...... ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ် .....**

**ကျောင်းကြီးပေါ်မှာ မောင်မဆော့နဲ့ ...... ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ် .....**

**မောင်မဆော့ပါ..... စိပ်ပုတီးနဲ့ ဘုန်းတော်ကြီးလို နေပ့ါမယ် ... လိုက်မယ် ... လိုက်မယ် ...”**

ကျွန်တော် အဲဒီကဗျာလေးလည်း ဆိုပြီးရော တာဝန်ရှိသူက ဝမ်းသာအားရနဲ့ လက်ခုပ်လက်ဝါးတီးပြီး ဟား ... ဟား ... ဟား မောင်လည်းလိုက်မယ် ချန်မထားနဲ့၊ မောင်လည်းလိုက်မယ် ချန်မထားနဲ့ ဆိုပါတယ်။ နောက် “ကျွန်တော်တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး ဘုတ်အဖွဲ့ဝင်တွေကို ဆုကြေးပေးဖို့ ဆောင်ရွက်ပ့ါမယ်” ပြောပြီး အဲဒီနေ့ညနေပိုင်းမှာပဲ ဘုတ်အဖွဲ့ဝင်တွေကို ဆုကြေးငွေတွေပေးခဲ့ပါတယ်။ သဒ္ဓါတရားရှိသူတွေကျတော့ အခြေခံကောင်းကြလို့ အရိပ်ပြရုံနဲ့ အကောင်ထင်ကြပါတယ်။

သဒ္ဓါတရားနဲ့ပတ်သက်လို့ ဓမ္မပဒမှာ **“သဒ္ဓါတရားသည် နိဗ္ဗာန်သို့သွားရာ တံတားကြီးဖြစ်၏”** လို့ ဖော်ပြထားပါတယ်။ သဒ္ဓါတရားအရင်းခံ မျိုးစေ့မှာ အတိတ်ကံနှင့် ပစ္စုပ္ပန်အားထုတ်မှု နှစ်ခုပေါင်းစပ်မှုဖြစ်ကြောင်း၊ သဒ္ဓါတရားပြင်းထန်သူများသည် ရှေးဘဝများစွာတွင် ဒါန၊ သီလ၊ ဘာဝနာ ပါရမီများ ဖြည့်ကျင့်ခဲ့ကြသူများဖြစ်ကြောင်း၊ ဥပမာ ပါရမီဆယ်ပါးဖြည့်ခဲ့သော ဝေဿန္တရာမင်း၏ဘဝကဲ့သို့ဖြစ်ကြောင်း၊ ယခုဘဝတွင်လည်း ရတနာသုံးပါးကို ကိုးကွယ်ခဲ့သည့်ပုဂ္ဂိုလ်များ၊ ရဟန်းတော်များ၊ သီလရှင်များနှင့် ဆက်သွယ်မှုရှိလေ့ရှိသူများ ဖြစ်ကြောင်း ဖတ်ရှုမှတ်သားခဲ့ဖူးပါတယ်။

သဒ္ဓါတရားနဲ့ ပတ်သက်လို့ရေးနေရင်း ၁၇-၇-၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ “အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကျင်းပ” ဆိုတဲ့ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။

သတင်းမှာ ဖော်ပြထားတာက အင်အားပြင်း မန္တလေးငလျင်ကြီး *စာမျက်နှာ ၁၁ သို့*

# တောင်ကြီးမြို့၌ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၂၆**

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ် ကောင်းမွန်မျှတစေရန်၊ တောတောင်ရေမြေကိုထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရန်၊ ရာသီဥတုမျှတ ကောင်းမွန်စေရန်နှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ တောင်ကြီး(ထင်း)ကြိုးဝိုင်း အကွက်အမှတ်(၆)၌ ကျင်းပသည်။




ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရန်သစ်ပင်များနှင့် ၂၀၁၆ ခုနှစ် အမျိုးသားစာပေဆုရ စာရေးဆရာကျော်ဦးရေးသားသည့် "မိုးရေလှောင်ကန်" စာအုပ်ပေးအပ်ရာ ဌာနဆိုင်ရာများကိုယ်စား ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်က စိုက်ပျိုးရန်သစ်ပင်များနှင့် "မိုးရေလှောင်ကန်" စာအုပ်ပေးအပ်ရာ အမျိုးသမီးရေးရာအဖွဲ့က လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က စိုက်ပျိုးရန်သစ်ပင်များနှင့် စာပေဆုရစာအုပ်များ ပေးအပ်ရာ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများကလည်းကောင်း လက်ခံယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သူနာပြု၊ သားဖွားသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ သစ်ပင်စိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်ကြီးလေးမိုင်ကွေ့-နောင်တလီ-ညိုမီး-နောင်ပနားဗွာ-လင်းကွင်း-ထီရီး(မွေးမြူရေးဇုန်) ရွှေညောင်လမ်းမိုင် (၀/၀-၁၇/၄ = ၁၇ မိုင် ၄ ဖာလုံ) လမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လမ်းမြေထိန်းနံရံဆောင်ရွက်နေမှုအခြေအနေနှင့် တံတားဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကလောမြို့၌ သမဝါယမအသင်းနှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ကလော ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့လယ်ဓမ္မာရုံ၌ ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက တက်နေဝန်း အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း(လီမိတက်) မှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ကျင်းပသည်။

ဦးစွာ တက်နေဝန်းအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း(လီမိတက်)သဘာပတိ ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းတို့က အသင်း၏လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက်အသင်း၏



တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး စာရင်းရှင်းတမ်းများကို ဖတ်ကြားရှင်းလင်း တင်ပြခဲ့သည်။ ထို့နောက် သဘာပတိက အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းတို့အပေါ် အသင်းသားများ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီအေးခိုင်တို့က မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၇၅ ဒသမ ၀၄၈ သန်းဖြင့် တင်ဒါအောင်မြင်သော သင်္ဂဟအောင် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ရွာခိုင် - ကျွဲတိ - ကန်ပြည့် ကျေးရွာချင်းဆက်လမ်း (၀/၄) မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၃၂ ဒသမ ၂၁၁ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရွာခိုင် - ကျွဲတိ - ကန်ပြည့် လမ်းအရှည် (၀/၃ ဒသမ ၃၅)မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၀၅ ဒသမ ၂၂၀ သန်းဖြင့် တင်ဒါအောင်မြင်သော ထားပိုကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်သည့် လယ်ကိုင်း - ရွှေလှေ - ထနောင်းကုန်း ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

❖ *ကျောဖုံးမှ*

ဆီမီးဖိုင်နယ်တွင် YRG အသင်း။ ဗိုလ်လုပွဲတွင် MIU အသင်းတို့ကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် Winner Generations အသင်းနှင့် MIU အသင်း ယှဉ်ပြိုင်ကစားရာ သာမန်ပွဲကစားချိန်တွင် ဂိုးမရှိ သရေကျနေသောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ Winner Generations အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ MIU အသင်းမှာမူ ချန်ပီယံဘွဲ့ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းသော်လည်း ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ တတိယလုပွဲတွင် YRG အသင်းက TG United အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရရှိခဲ့သော YRG အသင်းကို ဆုဖလားနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆုရရှိခဲ့သော Winner Generations အသင်းမှ ကျော်ရဲသွေးကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိခဲ့သော Winner Generations အသင်းမှ ထွဋ်ထွဋ်လွင်ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ စတုတ္ထဆုရရှိခဲ့သော TG United အသင်းကို ဆုကြေးငွေကျပ် ၁၅ သိန်း၊ တတိယဆုရရှိသော YRG အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုရရှိသော MIU အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀၊ ချန်ပီယံဖြစ်ခဲ့သော Winner Generations အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅ သိန်း၊ ချန်ပီယံဆုဖလားတို့ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## အောင်ပန်းမြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြော



**ကလော ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ ပဋ္ဌိမာရုံ ပရဟိတဂေဟာကျောင်း၌ ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ကလောမြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမာက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့်ပတ်သက်၍ ကလေးသူငယ်ဆိုသည်မှာ၊ ကလေးသူငယ်အခွင့်အရေး၊ ကလေးတိုင်း လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်း၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**



## မိုင်းပန်မြို့နယ်၌ ပင်စင်စား နိုင်ငံ့ဝန်ထမ်းများအား Biometric Data ကောက်ယူပြီး UID ထုတ်ပေးနိုင်ရေး ဆောင်ရွက်

**မိုင်းပန် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား Biometric Data ကောက်ယူပြီး UID ထုတ်ပေးနိုင်ရေးဆောင်ရွက်ခြင်းကို မြန်မာ့စီးပွားရေးဘဏ်၌ ယမန်နေ့က ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းပန်မြို့နယ်အတွင်း ပင်စင်စားနိုင်ငံ့အငြိမ်းစားဝန်ထမ်းများကို Biometric Data ကောက်ယူပြီး UID ထုတ်ပေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးသူအောင်နှင့် ဝန်ထမ်းများက UID ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်

**နေပြည်တော် ဇူလိုင် ၂၆** - မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဆလုံတောင်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်


ဆလုံတောင်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၁၇၈၆ ဒသမ ၈ ဧကရှိသော နယ်မြေကို **“ဆလုံတောင်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၃) ရက်၊ (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/ လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများ သဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဆလုံတောင်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတော အဓိကသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနဲ၊ မဒမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ (နံ့ဖြူး)ငှက်နှင့် ဓနိပင် စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့် နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ပွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခု ဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**



## တံတားဦးမြို့နယ်အတွင်း ကျေးလက်လမ်းတံတား ဆောက်လုပ်မှုအား ကွင်းဆင်းစစ်ဆေး

**တံတားဦး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လမ်းနှစ်လမ်း၊ တံတား တစ်စင်းဆောင်ရွက်လျက်ရှိရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းက တံတားဦးမြို့နယ် ဘူးရောက်-မြင်စိုင်းလမ်းပေါ်ရှိ ရေကျော်ပြုပြင်ဆောင်ရွက်နေမှုကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီပြီး လုပ်ငန်းများကောင်းမွန်အောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းများလုပ်ဆောင်ရာတွင် အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဗိုလ်တထောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အေရိုးဗစ်လူရွေးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၆**

ဗိုလ်တထောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အေရိုးဗစ်လူရွေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဒေါပုံမြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြကာ ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ပုဇွန်တောင်အသင်းနှင့် မင်္ဂလာတောင်ညွန့်အသင်းတို့ကို ဒေါပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝေဇင်၊ မြို့မိမြို့ဖဦးမြင့်လွင်နှင့် မြို့မိမြို့ဖ ဦးဟန်ဇော်ထွေးတို့က လည်းကောင်း၊ တတိယဆုရ ဗိုလ်တထောင်အသင်းအား ဒေါပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးက လည်းကောင်း၊ ဒုတိယဆုရ ဒေါပုံအသင်းအား ဗိုလ်တထောင် ခရိုင်ပညာရေးမှူး ဒေါက်တာ ဒေါ်ခင်သူဇာစိန်က လည်းကောင်း၊ ပထမဆုရ သာကေတအသင်းအား ဗိုလ်တထောင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်က လည်းကောင်း၊ ကိုးယောက်တွဲပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ပုဇွန်တောင်အသင်းနှင့် ဗိုလ်တထောင်အသင်းများအား တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေဦးနှင့် ပုဇွန်တောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးအောင်တို့က လည်းကောင်း၊ တတိယဆုရ သာကေတအသင်းအား ဗိုလ်တထောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလှိုင်က လည်းကောင်း၊ ဒုတိယဆုရ မင်္ဂလာတောင်ညွန့်အသင်းအား ဗိုလ်တထောင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်က လည်းကောင်း၊ ပထမဆုရ ဒေါပုံအသင်းအား ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က ဆုဖလားနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

## စလင်းမြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြော

**စလင်း ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က ဖောင်းလင်း RHC ကြို့ဝန်းကြီး S.C အတွင်းရှိ အ.မ.က လက်မဲကျောင်း၌ ကျင်းပသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေ၏ ညွှန်ကြားမှုဖြင့် မြို့နယ်ကျန်းမာရေး ဦးစီးအရာရှိနှင့် ကျန်းမာရေး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် တက်ရောက် ပညာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး ဆောင်ရွက်ပြီး လက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး နည်းစနစ်မှန်ကန်စွာဖြင့် သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုရန်နှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နည်းလမ်းများ စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျန်းမာရေး ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေ သန့်ရှင်းရေး စစ်ဆေးခြင်းနှင့် သွားကျန်းမာရေး စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်၍ ကျောင်းကျန်းမာရေး မှတ်တမ်းရေးသွင်းခြင်းများ ဆောင်ရွက်ကာ သွားနုတ်ရန်လိုအပ်သည့် ကျောင်းသား ကျောင်းသူများအား သွားများ နုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေဘိုမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း (ငြိမ်း)ပင်စင်စားများအား UID နံပါတ် Smart Card များ ဆောင်ရွက်ပေး

**ရွှေဘို ဇူလိုင် ၂၆**

ရွှေဘိုမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း) ပင်စင်စားများအနေဖြင့် ပင်စင်လစာ ထုတ်ယူရာ၌ လူပုဂ္ဂိုလ် မှန်၊ မမှန် စိစစ်ကာ တိကျမှန်ကန်မြန်ဆန်စေရေးအတွက် Centralized e-Persion စနစ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများသည် Biometric ကောက်ယူခြင်း၊ Smart Card များ ပြုလုပ်ပေးခြင်းလုပ်ငန်းနှင့် UID နံပါတ်ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဗြိတိန်နှင့် အီးယူခေါင်းဆောင်များနှင့်တွေ့ဆုံရန် စကော့တလန်သို့ ရောက်ရှိ


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

**နယူးယောက် ဇူလိုင် ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇူလိုင် ၂၅ ရက်က စကော့တလန်သို့ ငါးရက်ကြာ ခရီးရောက်ရှိခဲ့သည်။

ယခုနှစ်အစောပိုင်းက ဆွေးနွေးခဲ့သည့် ဗြိတိန်နှင့်ကုန်သွယ်ရေးသဘောတူညီချက်ကို ဆွေးနွေးရန် သမ္မတထရမ့်သည် ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမားနှင့်တွေ့ဆုံရန် စီစဉ်ထားသည်။

ထရမ့်သည် ဇူလိုင် ၂၉ ရက် မတိုင်မီအချိန်အထိ စကော့တလန်တွင် ဆက်လက်ရှိနေမည်ဟု ခန့်မှန်းထားသည်။ ထရမ့်သည် ၎င်းတို့မိသားစုပိုင် ဂေါ့ဖ်အပန်းဖြေစခန်းသို့ သွားရောက်မည်ဟု အမေရိကန်မီဒီယာတွင် ဖော်ပြထားသည်။

မေလအတွင်းက အမေရိကန်နှင့် ဗြိတိန်တို့သည် အကောက်ခွန် ညှိနှိုင်းမှုတွင် အောင်မြင်မှုရရှိခဲ့သည်ဟု ကြေညာခဲ့သည်။ နောက်ပိုင်းတွင် ခေါင်းဆောင်နှစ်ဦးက သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

စကော့တလန်သို့ ရောက်ရှိပြီးနောက် ထရမ့်သည် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့် ဇူလိုင် ၂၇ ရက်တွင် တွေ့ဆုံမည်ဟု ပြောသည်။ အီးယူကုန်သွယ်မှုသဘောတူညီချက်အတွက် ကောင်းမွန်သည့်အခွင့်အရေး ၅၀-၅၀ ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထရမ့်သည် ချားလ်ဘုရင်ထံမှ တရားဝင်ဖိတ်ကြားမှုကို လက်ခံရရှိပြီးနောက် စက်တင်ဘာလလယ်တွင် နိုင်ငံတော်ဧည့်သည်အဖြစ် ဗြိတိန်နိုင်ငံသို့ လာရောက်မည်ဟု ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံက နိုင်ငံပေါင်း ၄၀ ကို ထပ်မံ ဗီဇာကင်းလွတ်ခွင့်ပြု

**ကိုလံဘို ဇူလိုင် ၂၆**

သီရိလင်္ကာအစိုးရသည် ခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် နိုင်ငံပေါင်း ၄၀ ကို ထပ်မံ ဗီဇာကင်းလွတ်ခွင့် ပြုလိုက်ကြောင်း ဇူလိုင် ၂၅ ရက်တွင် နိုင်ငံခြားရေးရာ၊ နိုင်ငံခြားအလုပ်အကိုင်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဗီဂျစ်တာ ဟီရတ်က ပြောကြားခဲ့သည်။

မကြာသေးမီက ပြုလုပ်ခဲ့သော အစိုးရအဖွဲ့အစည်းအဝေးတွင် ထိုကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ သီရိလင်္ကာနိုင်ငံသည် လက်ရှိတွင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားများကိုသာ ဗီဇာကင်းလွတ်ခွင့်ပြုထားသည်။



ဗီဇာကင်းလွတ်ခွင့် ပြုလိုက်ခြင်းကြောင့် တိုက်ရိုက်ဝင်ငွေဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ ၆၆ သန်းခန့် ရှိနိုင်ကြောင်း ဟီရတ်က ပြောသည်။ သို့သော်လည်း သီရိလင်္ကာအစိုးရသည် ကမ္ဘာလှည့်ခရီးသွားများ နိုင်ငံအတွင်းသို့ အများအပြားဝင်ရောက်လာမှုမှတစ်ဆင့် သွယ်ဝိုက်ဝင်ငွေပိုမိုရရှိမည်ဟု မျှော်မှန်းထားသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ ထိပ်တန်းနိုင်ငံခြားငွေရရှိသည့် ရင်းမြစ်များထဲမှ တစ်ခုဖြစ်သည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၇ ဘီလီယံခန့် ရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်၌ ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ၃၀ သေဆုံးပြီး ခုနစ်ဦးပျောက်ဆုံး

**မနီလာ ဇူလိုင် ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်မှစတင်၍ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီး ၃၀ ထက်မနည်း သေဆုံးခဲ့သည်ဟု ဖိလစ်ပိုင်အစိုးရ အေဂျင်စီက ဇူလိုင် ၂၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

မုန်တိုင်းများကြောင့် ပျောက်ဆုံးနေသူ ခုနစ်ဦးရှိသည်ဟု အမျိုးသားသဘာဝဘေးလျော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက အစီရင်ခံတင်ပြထားသည်။ ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် ဒဏ်ရာရရှိသူ ၁၀ ဦးခန့်ရှိသည်ဟု သိရသည်။ တစ်နိုင်ငံလုံးအနှံ့ မုန်တိုင်းဒဏ်ခံစားရသူ မိသားစုပေါင်း ၁ ဒသမ ၄၆ သန်းကျော်ရှိသည်ဟု အမျိုးသားသဘာဝဘေးလျော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ဖော်ပြထားသည်။

ဝီဖာ၊ ဖရန်စစ္စကိုနှင့် ကိုမေမုန်တိုင်းတို့သည် ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာသွားပြီဖြစ်သော်လည်း အနောက်တောင်မုတ်သုံလေသည် လာမည့်ရက်များအတွင်း လူဇွန်ကျွန်း ဒေသအနှံ့အပြားတွင် မိုးပိုလာမည်ဟု ပြည်နယ်မိုးလေဝသဌာနက ဇူလိုင် ၂၆ ရက်တွင် သတိပေးထားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ နှစ်စဉ်ပျမ်းမျှအားဖြင့် မုန်တိုင်း ၂၀ ခန့် တိုက်ခတ်လေ့ရှိသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံမှ တာဂျစ်ကစ္စတန်သို့ ငါးအစာတန်ချိန် ၅၀ ပထမဆုံးအကြိမ် တင်ပို့

**ကဘူးလ် ဇူလိုင် ၂၆**

အာဖဂန်နစ္စတန်သည် မြောက်ပိုင်း ဘာ့ခ်ပြည်နယ်မှ တာဂျစ်ကစ္စတန်သို့ ငါးအစာတန်ချိန် ၅၀ ကို ပထမဆုံးအကြိမ် တင်ပို့ခဲ့ကြောင်း နိုင်ငံပိုင် ဘာ့ခ်တာသတင်းအေဂျင်စီက ဇူလိုင် ၂၆ ရက်တွင် ဖော်ပြသည်။

### ဈေးကွက်ချဲ့ထွင်နိုင်ရန် ခြေလှမ်းတစ်ရပ်ဖြစ်

အရည်အသွေးအာမခံချက်နှင့် စံချိန်စံညွှန်းပြည့်မီအောင် ထုတ်လုပ်ထားသည့် ငါးအစာများကို တာဂျစ်ကစ္စတန်ဈေးကွက်သို့ စတင်တင်ပို့ခြင်းဖြစ်ကြောင်း၊ ထိုသို့တင်ပို့ခြင်းသည် အာဖဂန်ပို့ကုန်ပစ္စည်းများ၏ အမျိုးအစားစုံလင်မှုနှင့် ဒေသတွင်း၌ ဈေးကွက်ချဲ့ထွင်နိုင်ရန် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ခရိုင်စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဌာန အကြီးအကဲ ဟာဖစ်ဇ်အမီယာ မိုဟာမက်မတ်တာကီ က ပြောကြားသည်။

### အိမ်သုံးသန့်ရှင်းရေး ထုတ်ကုန်ပစ္စည်းတင်ပို့

ယခုလအစောပိုင်းကလည်း ဗြိတိန်သို့ ဘာ့ခ်ပြည်နယ်မှ တစ်ဆင့် အိမ်သုံးသန့်ရှင်းရေး ထုတ်ကုန်ပစ္စည်း အများအပြားကို တင်ပို့ခဲ့သည်။

အာဖဂန်ကြားဖြတ်အစိုးက ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေးနှင့် ဒေသဆိုင်ရာ ဈေးကွက်များသို့ ဝင်ရောက်မှုကို အားပေးမြှင့်တင်ခြင်းဖြင့် ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး၊ နိုင်ငံ့စီးပွားရေး ပိုမိုအားကောင်းလာစေရေးနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုမြှင့်တင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **ဆင်ဟွာ**

# တရုတ်ခရီးသွားများ ပိုမိုဆွဲဆောင်နိုင်ရေး ဒုတိယအကြိမ် လာအို-တရုတ် ခရီးသွားနှစ်ကျင်းပရန်ပြင်ဆင်

**ဗီယင်ကျန်း ဇူလိုင် ၂၆**

လာအိုနိုင်ငံ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့် တရုတ်ခရီးသွားများ ပိုမိုဆွဲဆောင်နိုင်ရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် လာအို-တရုတ်ခရီးသွားနှစ်အဖြစ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပြင်ဆင်လျက်ရှိသည်။



လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ ကျင်းပမည့် အခမ်းအနားအတွက် ပြင်ဆင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့သည်ဟု ဝန်ကြီးဌာန၏ ခရီးသွားဈေးကွက် ရှာဖွေရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဖူသုန်းဒါလာလွမ်က ပြောကြားခဲ့ကြောင်း လာအိုအမျိုးသားရေဒီယိုက ဇူလိုင် ၂၆ ရက်တွင် ထုတ်လွှင့်သည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ဖူသုန်းက ဒုတိယမြောက် လာအို-တရုတ်ခရီးသွားနှစ်သည် လာအို-တရုတ် သံတမန်ဆက်ဆံရေး (၆၅) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရန်ရည်ရွယ်ပြီး အဆိုပါ ဆောင်ရွက်မှုသည် လာအိုခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်နှင့် တရုတ်ခရီးသွားများ ပိုမိုဆွဲဆောင်ရန် မဟာဗျူဟာမြောက် ကြိုးပမ်းမှုဖြစ်ကြောင်း၊ လာရောက်လည်ပတ်မည့် ခရီးသွားများ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် အခြေခံ အဆောက်အအုံများ၊ နေရာထိုင်ခင်းများ၊ စားသောက်ဆိုင်များ၊ ခရီးသွားဆွဲဆောင်မှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန် အရေးကြီးကြောင်း အလေးပေးပြောကြားသည်။

ပထမအကြိမ် လာအို-တရုတ် ခရီးသွားနှစ်ကို ၂၀၁၉ ခုနှစ်က ဆောင်ရွက်ခဲ့ရာ တရုတ်ခရီးသွား တစ်သန်းကျော်ကို ဆွဲဆောင်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံသို့ တရုတ်ခရီးသွား ၁၀၄၈၀၃၅ ဦး လာရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် တရုတ်ခရီးသွား ၆၀၂၁၀၃ ဦး စံချိန်တင် လာရောက်လည်ပတ်ခဲ့၍ ဆက်တိုက်တိုးလာကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၆**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဦး၊ တရုတ်နိုင်ငံသားတစ်ဦး၊ အီသီယိုးပီးယားနိုင်ငံသားတစ်ဦးနှင့် အိန္ဒိယနိုင်ငံသားတစ်ဦး စုစုပေါင်း ၂၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၂၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ယင်းတို့အနက်မှ ၉၀၆၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၁ ဦးကို သက်ဆိုင် ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## မြောင်းမြမြို့၌ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား Biometric အချက်အလက်များနှင့် UID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းများဆောင်ရွက်

**မြောင်းမြ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Biometric အချက်အလက်များနှင့် UID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် မြန်မာ့စီးပွားရေးဘဏ်၌ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့ဝင်များက ပင်စင်လာရောက်ထုတ်ယူနေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric Data UID များ ဆောင်ရွက်ပေးနေမှုကို လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**ဇေယျာ (မြောင်းမြ)**

## ထန်းတပင်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ထန်းတပင်(ရန်ကုန်) ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇူလိုင် ၂၃ ရက်က ကျူတောအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ်လည်းကောင်း၊ အထက်တန်းပြဆရာမ ဒေါ်စုပြည့်ခိုင်က တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ်လည်းကောင်း၊ ကျောင်းသား ကျောင်းသူငါးဦးတို့က လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်မူးယစ်ဆေးဝါး စသည့် ခေါင်းစဉ်များဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thet N O” Facebook အကောင့်နှင့် “Thet N O” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၆)ရပ်ကွက်နေ သက်နိုင်ဦးအား ည ၆ နာရီ ၂၅ မိနစ်တွင် တောင်ကြီးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လူသတ်မှုကျူးလွန်သူကို အောင်မြေသာစံခရိုင်တရားရုံးက ပြစ်ဒဏ်များချမှတ်

**မန္တလေး ဇူလိုင် ၂၆**

ပုသိမ်ကြီးမြို့နယ် ကျီကုန်းရွာ၌ တစ်ဦးတည်းနေထိုင်သည့် သတ္တဗေဒဌာန ပါမောက္ခ အငြိမ်းစား ဒေါ်ထွေးထွေးအား အိမ်ခြံမြေပွဲစားဖြစ်သူက မြေကွက်အရောင်းအဝယ်တည့်သည်ဟုပြောဆိုကာ ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာမြောင်းပေါင်ဘေး လူမနေသည့် ဆောက်လက်စ တစ်ထပ်တိုက်သို့ချိန်းဆိုပြီး သတ်ဖြတ်ကာ ကားသော့၊ အိမ်ခြံသော့များ ယူဆောင်၍ ဒေါ်ထွေးထွေး၏ နေအိမ်အတွင်းမှ မြေပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် ရွှေထည်ပစ္စည်းများ ခိုးယူမှုကို ဧပြီ ၂၅ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပုသိမ်ကြီးမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးခဲ့ပြီး တရားခံ စိုင်းထွန်းနော် (ခ) ကိုစိုင်း (ခ)ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုးအား ဟဲဟိုးမြို့ တည်းခိုခန်း၌ ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ၍ အောင်မြေသာစံခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။

အမှုကို အောင်မြေသာစံခရိုင်တရားရုံးက လက်ခံစစ်ဆေးပြီး ဇူလိုင် ၂၃ ရက်တွင် စိုင်းထွန်းနော် (ခ) ကိုစိုင်း (ခ) ငြိမ်းချမ်းဖြိုး (ခ) ကိုဖြိုးအား ရာဇသတ်ကြီးပုဒ်မ-၃၀၀ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်ကျခံစေရန်၊ ရာဇသတ်ကြီးပုဒ်မ- ၃၀၂ (၁)(ခ)အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

*✻ ကျောဖုံးမှ*

ကစားသွားတော့မည်ဖြစ်သည်။ အဆိုပါပွဲစဉ်သည် ၂၀၂၃ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နောက်ပိုင်း ဒုတိယအကြိမ်မြောက် ထိပ်တိုက်တွေ့ဆုံသည့် ဗိုလ်လုပွဲစဉ်ဖြစ်သည်။

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် စပိန်အသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် နိုင်ပွဲရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ထို့ကြောင့် အင်္ဂလန်အသင်းသည် ယခုအကြိမ်တွေ့ဆုံမှုတွင် အဆိုပါရှုံးနိမ့်မှုကို လက်စားချေကာ အမျိုးသမီးယူရိုဖလားကို ဆွတ်ခူးသွားနိုင်မည်လား သို့တည်းမဟုတ် ရှုံးပွဲထပ်မံကြုံတွေ့ကာ ဖလားဆွတ်ခူးခွင့် လွဲချော်သွားမည်လား စိတ်ဝင်စားဖွယ်ရာ ကောင်းသည်။

စပိန်အသင်းသည် အမျိုးသမီးယူရိုပြိုင်ပွဲတစ်လျှောက် ယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ငါးပွဲစလုံးနိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာသည့်အသင်းဖြစ်သည်။ အင်္ဂလန်အသင်းက ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းအနည်းငယ် အတက်အကျရှိခဲ့ပြီး အဖွင့်ပွဲစဉ်တွင် ပြင်သစ်ကိုရှုံးနိမ့်ကာ နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်းပြန်လည်ပြသပြီး နိုင်ပွဲဆက်ခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်နှင့် စပိန်အသင်းတွင် ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိသည့် အရည်အသွေးမြင့် ထိပ်တန်းကစားသမား အများအပြားရှိသောကြောင့် ခြေစွမ်းသာသည့်အသင်းထက် အခွင့်အရေးကို အမိအရအသုံးချနိုင်သည့်အသင်းသာ နိုင်ပွဲရပြီး ဖလားဆွတ်ခူးနိုင်ဖွယ်ရှိသည်။

**အောင်ဇော်**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက အမှာစကားပြောကြားရာတွင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက ချမှတ်ထားသည့် Quick Win အစီအမံ (၅) ရပ်ကို စဉ်ဆက်မပြတ်အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ Quick Win အစီအမံ(၅)ရပ်အား ပြည်သူများ လိုက်နာရန်အတွက် ရှောင်တခင်စစ်ဆေးခြင်းများနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိ၊ မရှိ ရှောင်တခင်စစ်ဆေးဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့် စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ် အသုံးပြုသူများအား



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ Quick Win အစီအမံ (၅)ရပ်နှင့် ကိုက်ညီသည့် အရေးယူမှုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားသည့် ယာဉ်တိုက်ခိုက်မှုများကို လျှော့ချသွားနိုင်မည်ဆိုပါက နေပြည်တော်၏ ယာဉ်တိုက်ခိုက်မှု ကိန်းဂဏန်းများ တဖြည်းဖြည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းကာ ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားခြင်းဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် လမ်းများတွင် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြသင်္ကေတများ ပြည့်စုံမှန်ကန်စွာ ထားရှိရေး ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့နည်းပပျောက်သွားစေရေး ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ Quick Win အစီအမံ(၅)ရပ် ဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## ဝေါမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဝေါ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကေရာဇ်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်



လျက်ရှိသည့် ကေရာဇ်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းလီမိတက်မှ အသင်းသား ၁၁ ဦး ပိုင်ဆိုင်သော လယ်မြေ ဧက ၅၀ အတွင်း စိုက်ပျိုးထားသည့် အောင်နိုင်တိုးမျိုးစပါး စိုက်ခင်းများကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ချောစုလှိုင်၊ မြို့နယ်ဦးစီးအရာရှိ ဦးအေးလွင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးထားရှိမှုအခြေအနေများတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီ ကျော်လွန်စေရေးနှင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထားမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် အဗျားငှက်ချေးဝင်ကျေးရွာ၌ ရွှေရည်မွန်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်မှ ဒေသကြက်များ မွေးမြူထားရှိမှုများကိုလည်း ကွင်းဆင်းကြီးကြပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**မိတ္ထီလာ ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အထက(၄)၌ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက စီစဉ်ဆောင်ရွက်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ငလျင်ဘေး၊ မုန်တိုင်းဘေး စသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိလှိုင်က အသိပညာပေးဟောပြောပြီး ဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ၊ သောက်ရေသန့်၊ မုန့်နှင့် စာရေးကိရိယာ(ဘောပင်) တို့ကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## တောင်ငူမြို့၌ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**တောင်ငူ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနက ကြီးမှူး၍ တောင်ငူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ယမန်နေ့က အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အမှာစကား ပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးပြည့်



ဖြိုးအောင်က ပြေစာအပေါ် အခွန်တံဆိပ်ကပ်နှိပ်ရခြင်း၏ ရည်ရွယ်ချက်၊ တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်အကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်၏ သဘောသဘာဝနှင့် ဥပဒေများ၊ ပြေစာအပေါ် အခွန်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းအမျိုးအစားများနှင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှုန်းများ၊ မြန်မာနိုင်ငံ၏ အခွန်နှုန်းထားများအား အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများ၏ အခွန်နှုန်းထားများနှင့် နှိုင်းယှဉ်တင်ပြဆွေးနွေးပြီး အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**ဇော်ကိုကို(ပြန်/ဆက်)**



## ဗဟန်းလူထုအခြေပြုဇဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန(ဗဟန်း)၌ ယမန်နေ့က စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားကို ကျင်းပသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကို ကျင်းပရာ အ.မ.က(၁၂) ဗဟန်းမှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် စာရေးဆရာမ တင့်တယ်ခင်တို့က ဆုများချီးမြှင့်ကြသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပီတိကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအား ဇူလိုင် ၂၅ ရက်က အသင်းရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ်အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ဆောင်ရွက်ပြီး အသင်းကိစ္စများအား ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသက်ပြင်းက သမအသင်း၏လုပ်ငန်းဆောင်ရွက်မှုများ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အမှုဆောင်အစီရင်ခံစာ၊



ဘဏ္ဍာရေး ရှင်းတမ်းနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများအား အသင်းအမှုဆောင် နှစ်ဦးက ဖတ်ကြားရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အသင်းသားများအား အစုပေါ်အမြတ်၊ အသင်းသားလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## မိတ္ထီလာနှင့်ဝမ်းတွင်းမြို့နယ်၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် ထုတ်ပေး

**မိတ္ထီလာ ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များမှ လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ လျှော်ဘေးဒဏ်သင့်အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေးသည့် အခမ်းအနားကို ဇူလိုင် ၂၃ ရက်က မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်အုန်းက အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမား ၁၅၁၁ ဦးအတွက် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၁၂၁ ဒသမ ၄၈၃ သန်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဦးကျော်ဇေယျထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးတို့က အလုပ်တွင် ထိခိုက်သေဆုံးခဲ့သည့် အာမခံအလုပ်သမား ၁၀ ဦးအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၉၈ ဒသမ ၄၀၀ သန်းကို ကျန်ရစ်သူမိသားစုထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကျိုက်ထိုမြို့နယ်၌ ပင်စင်လာရောက်ထုတ်ယူသူများအား UID (Unique Identity) ဆောင်ရွက်ပေး



**ကျိုက်ထို ဇူလိုင် ၂၆**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်ထိုမြို့နယ်ရုံးမှ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID (Unique Identity) ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၃ ရက်က အဆိုပါဘဏ်၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်ထိုခရိုင်ရုံးမှ ယာယီခရိုင်ဦးစီးမှူး ဦးထွန်းထွန်းအောင်ကြီးကြပ်၍ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဌေးနှင့်ဝန်ထမ်းများက ပင်စင် လာရောက်ထုတ်ယူသူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များကို နံနက် ၉ နာရီ မှ ညနေ ၃ နာရီအထိ UID (Unique Identity) များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း( ငြိမ်း )ပင်စင်စားများအား UID ခေါ် Smart Card များ အခမဲ့ ဆောင်ရွက်ပေးလျက်ရှိ

**ကျောက်တန်း ဇူလိုင် ၂၆**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း) ပင်စင်စားများအား ဇီဝဆိုင်ရာ အချက်အလက်များ (Biometric) ကောက်ယူခြင်း၊ Smart Card များ ပြုလုပ်ပေးခြင်းတို့ကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်နှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(ငြိမ်း)ပင်စင်စားများအား ဇီဝဆိုင်ရာ အချက်အလက်များ (Biometric) ကောက်ယူခြင်းနှင့် UID ခေါ် Smart Card များ ပြုလုပ်ပေးခြင်းတို့ကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြသည်။
**သန့်ဇင်ထွန်း(ကျောက်တန်း)**

## ဘီးလင်းမြို့နယ်၌ ပင်စင်လာရောက်ထုတ်ယူသူများအား UID (Unique Identity) ဆောင်ရွက်ပေး

**ဘီးလင်း ဇူလိုင် ၂၆**
မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဘီးလင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသူများအား UID (Unique Identity) ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၃ ရက်က အဆိုပါဘဏ်၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘီးလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးခင်မောင်ကြီးကြပ်၍ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးသိန်းထွဋ်အောင်နှင့်အဖွဲ့ဝင်များက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်လာရောက်ထုတ်ယူသူများကို နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ UID (Unique Identity) များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## မော်လမြိုင်ကျွန်းမြို့နယ်၌ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက်က ရှောက်ချောင်းကျေးရွာအုပ်စု ငွေသဇင် (၂)ကျေးရွာ၌ ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနဦးစီးဌာနမှူး ဦးရဲလင်းမောင်နှင့် သစ်တောဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ်များ၊ ကျေးရွာအခြေခံပညာ မူလတန်းမှ ကျောင်းသား ကျောင်းသူများ၊ ရွာသူရွာသားများက စုပေါင်း၍ ဒီရေတောပျိုးပင်များဖြစ်သည့် သမဲ့ကြီး ၅၀၊ ဖြူးရွှေဝါ ၅၀၊ လမု ၇၅၀ စုစုပေါင်းပျိုးပင် ၈၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။
**ရဲကိုမောင် (ပြန်/ ဆက်)**



## မြစ်သားမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

**မြစ်သား ဇူလိုင် ၂၆**
